မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၃)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ကဲ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ် ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီး၊ သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကထွက်စုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်



နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၆)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကဲ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ↗

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကဲ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေးစဉ်။



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၈ ရက်)

စာမတတ်သူလုံးဝပပျောက်ရေး ဝိုင်းဝန်းကူညီပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးနှင့်ပတ်သက်၍ **"တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေး အတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး"**ကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများအတွက်အလယ်တန်းပညာများပြီးမြောက်သူများကို အထက်တန်းတွင် စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင်သင်ကြားပေးလျက်ရှိသည်။ ယနေ့နိုင်ငံတော်တွင်ကျင့်သုံးနေသည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးသည် စာမတတ်သူပပျောက်ရေးကိုဦးတည်ခြင်းဖြစ်သည်။ စာတတ်သူများလာမှ ဆင်းရဲမှုသည်လည်းလျော့နည်းလာမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ**"အပြန်အလှန်နားလည်မှုနှင့်ငြိမ်းချမ်းရေး အတွက်စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကိုမြှင့်တင်ကြပါစို့"** ဖြစ်သည်။ စာတတ်မြောက်ရေးသည်လူသားတစ်ဦးချင်း၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသည့် ကိစ္စရပ်ဖြစ်သည်။ စာပေသည်အမှောင်ကိုခွင်း၍အလင်းကိုဆောင်နိုင်သည်ဟုဆိုထားပေရာ စာမတတ်သူမှာ အမှောင်တွင်းရောက်နေသူနှင့်ပမာတူလှသည်။ မျက်စိနှစ်ကွင်းအလင်းမရသူသည် မိမိတစ်ဦးတည်းရပ်တည်၍မဖြစ်နိုင်သကဲ့သို့ စာမတတ်သူမှာလည်းမိမိသိချင်သည့်အကြောင်းအရာအချက်အလက်များသိရှိရေးအတွက် အခြားသူတစ်ဦးကိုအားကိုးရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည်ပညာရေးကဏ္ဍနှင့်ပတ်သက်လာလျှင် ကျောင်းပြင်ပပညာရေးကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံအတွင်းရှိပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေးစဉ်ဆက်မပြတ် ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးရေးဖြစ်သည်။နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတစ်ခုနှင့်တစ်ခုဖွံ့ဖြိုးတိုးတက်မှုကွာခြားရသည့် အကြောင်းများတွင် စာတတ်မြောက်မှုနှုန်းမြင့်မားခြင်းအပေါ်မူတည်သည်။ ယနေ့ခေတ်သည်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စာတတ်မြောက်ရုံဖြင့်ကျေနပ်၍မနေသင့်သေးဘဲစာဖတ်ခြင်း၊ အစဉ်တစိုက်လေ့လာခြင်းများပြုလုပ်နေကြရဦးမည်ဖြစ်သည်။ ထို့ပြင်အခြားဘာသာစကားကိုလည်းတတ်မြောက်သင့်ပေသည်။

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုသည် ရှေးဘုရင်များလက်ထက်တွင် ဘုန်းတော်ကြီးသင်စာပေသင်ကြားမှုကျေးဇူးကြောင့် ကျေးလက်နေပြည်သူများပါမကျန် စာတတ်မြောက်ကြသည်။ စာတတ်မြောက်နှုန်း ၈၅ ရာခိုင်နှုန်းအထိမြင့်မားခဲ့သည်။ မြန်မာနိုင်ငံကိုလိုနီလက်အောက်ရောက်သွားသည့်အခါ မြန်မာတို့၏စာပေတတ်မြောက်မှုမှာလွန်စွာနိမ့်ကျသွားခဲ့သည်။ စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအဆင့်သာရှိတော့သည်။ စာတတ်မြောက်မှုနှုန်းလျော့နည်းခြင်းနှင့်အတူ မြန်မာတို့၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများအဘက်ဘက်တွင်နိမ့်ကျသွားခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးပြန်လည်ရရှိချိန်မှစ၍ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်နိုဝင်ဘာလ ၄ ရက်နေ့တွင်ပြည်သူလူထုပညာရေးအတွက်လူထုပညာရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၄၉ ခုနှစ် မတ်လမှစ၍ လူထုပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့်"အ" သုံးလုံးကျေသင်တန်းများကို ပထမလေးနှစ်စီမံကိန်း(၁၉၅၂-၁၉၅၆)နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၅၆-၁၉၆၀)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စာတတ်မြောက်ရေးကြိုးပမ်းအားထုတ်မှုအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း အခြေခံပညာကိုလူတိုင်းသင်ယူရရှိရန်နှင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် မိတ္ထီလာခရိုင်ကို ခရိုင်လုံးကျွတ် စာတတ်မြောက်လာသည်အထိကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင်မိတ္ထီလာသည် မြန်မာနိုင်ငံ၌ ပထမဆုံး ခရိုင်လုံးကျွတ်စာတတ်မြောက်သည့်ဒေသဖြစ်လာခဲ့သည်။

ထို့နောက် ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် တိုင်းလုံးကျွတ်စာတတ်မြောက်ရေးအောင်ပွဲများကျင်းပနိုင်ခဲ့သည်အထိ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများအောင်မြင်ခဲ့သည်။ မြန်မာနိုင်ငံ၏စာတတ်မြောက်ရေးလှုပ်ရှားမှုများမှာ လွန်စွာအောင်မြင်ထင်ရှားသည့်အတွက် ယူနက်စကိုအဖွဲ့က စာတတ်မြောက်ရေးအထိမ်းအမှတ်ဆုများအဖြစ် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နီမာဆုများကို ချီးမြှင့်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင်တစ်ယောက်မကျန် စာတတ်ရန်ဟုကြွေးကြော်လျက် သက်ကြီးစာမတတ်သူများကို ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ရာ စာတတ်မြောက်မှုနှုန်းမှာ ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိရှိခဲ့သည်။ စာပေတတ်မှုအကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်တို့ကိုခွဲခြားသိမြင်နိုင်ပေမည်။ အနှစ်ချုပ်ဆိုရသော် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်တွင်ပါဝင်လျှောက်လှမ်းကြရန်နှင့် မြန်မာနိုင်ငံတွင်စာမတတ်သူလုံးဝပပျောက်ရေးအတွက် အားလုံးကကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၂) ရက်သာ လိုတော့သည်။

ပြည်သူ့စစ်မှုထမ်း၃ပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်း၃ပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

ဆိပ်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အုန်းမှင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိ/မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၄၃ ဦးကို ချေးငွေကျပ် ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၃၇ ဦးကိုချေးငွေကျပ် ၁၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ၁၁ ဦးကိုချေးငွေကျပ် ၇ ဒသမ ၆၀ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သူ နှစ်ဦးကိုချေးငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

မြဝတီ နေ့စဉ် Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်ဒီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

ရွှေတိဂုံစေတီတော်သို့ ယခုနှစ် မေလမှ ဩဂုတ်လအတွင်း ဘုရားဖူးဧည့်သည် ၁၉ သိန်းကျော်လာရောက်ဖူးမြော်



ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် မေလ၊ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည် ၁၉ သိန်းကျော် လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ယင်းကာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်ဝင်ရောက်မှုအနေဖြင့် မေလတွင် ၅၇၆၃၄၆ ဦး၊ ဇွန်လတွင် ၅၄၅၆၆၁ ဦး၊ ဇူလိုင်လတွင် ၄၄၀၉၁၇ ဦး၊ ဩဂုတ်လတွင် ၃၆၃၂၆၁ ဦး စုစုပေါင်း ၁၉၂၆၁၈၅ ဦး လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ယင်းကာလများသည် မိုးရာသီကာလ ဖြစ်၍ ဘုရားဖူးဝင်ရောက်မှုနည်းသော်လည်း တစ်ရက်လျှင် တစ်သောင်းဝန်းကျင် ရှိပြီး စနေ၊ တနင်္ဂနွေနှင့် နေ့ထူးနေ့မြတ်များတွင် ဘုရားဖူးဧည့်သည်တစ်သိန်းကျော်အထိ ဝင်ရောက်မှုရှိကာ မေလ ၂၂ ရက် (ကဆုန်လပြည့်နေ့)တွင် ၁၂၅၆၂၉ ဦး၊ ဇူလိုင်လ ၂၀ ရက် (ဝါဆိုလပြည့်နေ့) တွင် ၁၀၉၄၅၀ ဦး ဝင်ရောက်ခဲ့သည်။

"မိုးရာသီကာလဆိုတော့ ဘုရားဖူးဝင်ရောက်တာနည်းတယ်ဆိုပေမယ့် ရုံးပိတ်ရက်တွေနဲ့ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့တို့လို နေ့ထူးနေ့မြတ်တွေမှာဆိုရင် ဘုရားဖူးဧည့်သည်တစ်သိန်းကျော် ရှိပါတယ်။ ပြည်တွင်းဘုရားဖူးဧည့်သည်အပြင် နိုင်ငံခြားခရီးသွားဧည့်သည်တွေလည်း လာကြတယ်" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးပြည်သူများ အဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဘုရားဖူးမြော်ချိန် တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဝန်းရံခ

မြိတ်ခရိုင်၌ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင်ပြုလုပ်သူဦးရေ ယခင်နှစ်ကထက် ပိုမိုများပြားလာ

မြိတ် စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၌ ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင်ပြုလုပ်သူဦးရေ ယခင်နှစ်ကထက် ပိုမိုများပြားလာကြောင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူသူစံ၏ပြောပြချက်အရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းမှတ်ပုံတင် ၁၀၈ ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဩဂုတ်လကုန်အထိ လုပ်ငန်းမှတ်ပုံတင် ၁၃၁ ကြိမ်အထိ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ လုပ်ငန်းမှတ်ပုံတင် ၁၀၈ ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ဧပြီလကနေ ဩဂုတ်လကုန်အထိ လုပ်ငန်းမှတ်ပုံတင် ၁၃၁ ကြိမ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဓိက မှတ်ပုံတင်လုပ်ပေးခဲ့ရတာက စားသောက်ကုန်လုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ အထွေထွေစက်မှုလက်မှုလုပ်ငန်း၊ စာပေနဲ့အနုပညာဆိုင်ရာလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်း ပြုပြင်ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ နေထိုင်ရေးဆိုင်ရာလုပ်ငန်းစတဲ့လုပ်ငန်းတွေကို မှတ်ပုံတင်ပေးခဲ့ရပါတယ်"ဟု ဒေါ်သူသူစံကပြောသည်။

ဒေသတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်များတွင် တရားဝင် ဖြန့်ဖြူးရောင်းချနိုင်စေရန်၊ စားသုံးသူပြည်သူများ ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်စေရန်၊ ပြည်ပမှ တင်သွင်းနေရသော သွင်းကုန်များအား အစားထိုးထုတ်လုပ်ရောင်းချနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင်များကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိလုပ်ငန်းများအတွက် လိုအပ်သောနည်းပညာများနှင့် ငွေကြေးအထောက်အပံ့များရရှိစေရန် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ပံ့ပိုးကူညီလျက်ရှိသကဲ့သို့ လုပ်ငန်းမှတ်ပုံတင် မပြုလုပ်ရသေးသော လုပ်ငန်းရှင်များကိုလည်း လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ခြင်းဖြင့် ရရှိလာနိုင်သောအကျိုးကျေးဇူးများကို အသိပညာပေးကာ စည်းရုံးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆောင်းဦး**

ပွင့်ဖြူမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာရင်းစစ် စာရင်းကောက်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

ပွင့်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာရင်းစစ် စာရင်းကောက်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်တွင် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်နိုင်ရန် အရေးကြီးသော လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသောစီမံကိန်းလုပ်ငန်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ် စာရင်းကောက်ခန့်အပ်လွှာများကို တာဝန်ရှိသူများကပေးအပ်ရာ ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းခိုင်က လက်ခံရယူသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူရက လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်းကောက်ယူမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှန်ကန်စွာ ရရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်ကော်မတီအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသောအခြေခံစာရင်းအင်း ကိန်းဂဏန်းများကို ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပွင့်ဖြူမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ကော်မတီဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူရနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

ရွှေတူချိုင် အုန်းတောကို လှမ်းကြည့်လိုက်ရာ အုန်းပင်များ တအုန်းအုန်းတဒိုင်းဒိုင်းပြိုလဲနေကြသည်။ မလဲမပြိုဘဲ ကျန်နေကြသော အုန်းပင်များမှာလည်း ကြမ်းကြမ်းတမ်းတမ်းယိမ်းထိုးနေကြ၏။ ကွင်းပြင်ကို ပြေးပြေးလွှားလွှားဖြတ်ကျော်လိုက်သည်။ ကွင်းစပ်အဆုံးတွင် ရွှေတူချိုင်ချောင်းကတားဆီးနေပြန်သည်။

"ဟော တော်"

ချောင်းရေက ဝဲကတော့ထိုးပြီး စီးဆင်းနေပေရာ အမေရင်ထိတ်သွားသည်။

"ဒီအတိုင်းဆို ငါ့သားသမီးတွေနဲ့ တွေ့ဖို့လွယ်ပါ့မလား"

အမေ့မှာ ကိုယ့်အရေးထက် သားသမီးများအရေးကိုပဲ တွေးပူနေသည်။ ကိုယ့်ဒုက္ခထက် သားငယ်၊ သမီးငယ်များ၏ ဒုက္ခကိုပဲ စိတ်ထဲဗလောင်ဆူနေသည်။ အမေ၏မျက်ဝန်းအိမ်ထောင့်စွန်းဖျားမှ မျက်ရည်များ မိုးရေစက်တို့နဲ့အတူ လိမ့်ဆင်းသွားကြ၏။ ချောင်းကမ်းနဖူးအတိုင်းမသွားဘဲ တောင်ခြေယာခင်းဘက်သို့တက်လိုက်၏။ ယာခင်းရှိ သရက်ပင်၊ ပိန္နဲပင်များနှင့် နာနတ်တောတစ်ခုလုံးမှာ မုန်တိုင်းမွေနှောက်ထားမှုကြောင့် ပုံပျက်ပန်းပျက်ပျက်စီးနေကြသည်။ ချောင်းဖျားပိုင်းသို့အရောက်တွင် အရဲစွန့်ပြီး ရေထဲသို့ဆင်းလိုက်သည်။

"ဟာ ဟာ ဟာ"

ရေစီးအားကြောင့် ခြေထောက်မြောက်တက်သွားရာ အမေ့မှာ ချောင်းရေစီးထဲတွင် ဒလိမ့်ခေါက်ကွေးမျောပါသွားတော့သည်။ ရေများမှာ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များမှ အမေ၏ခန္ဓာအိမ်ထဲသို့ မညှာမတာ တိုးဝင်နေကြသည်။ နှာခေါင်းနှင့်လည်ချောင်းတို့တွင် ဆိုးဝါးသောနာကျင်မှုများ ခံစားနေရသည်။ ရင်ဘတ်ထဲကလည်း နာကျင်လွန်းနေသည်။ သို့သော် အမေကား အားမလျှော့။ သတိကို ခိုင်ခိုင်ထားပြီး ခွန်အားရှိသမျှ ရုန်းကန်ကာ တစ်ဖက်ကမ်းသို့ ရောက်ရှိနိုင်ရေးအတွက် ကြိုးစားသည်။

အမေသည်ခြေထောက်ကို ပြန်လည်ရပ်တည်နိုင်ရေးအတွက် အလီလီကြိုးစားသည်။ ချောင်းထဲတွင် ဖရဲသီးလိုလုံးချောပြီး ရေညှိများဖြင့် ချောကျိနေသော ကျောက်လုံးများအစီအရီရှိနေကြသည်။ အမေ့မှာ ကြိုးစားပြီးရပ်လိုက်တိုင်း ချောကျိနေသော ကျောက်လုံးများကိုသာ နင်းမိနေပေရာ လုံးဝရပ်တည်၍ မရပေ။



အမေ၏ ကြိုးစားမှုရလဒ်ဟုဆိုရပေမည်။ တစ်ချီမှာတော့ ကျောက်တုံးခပ်ကြီးကြီးတစ်လုံးကို နင်းမိပေရာ အမေအားရှိပါးရှိဆောင့်ကန်ပြီးကူးလိုက်သည်။ အမေ့၏ ဆွဲယက်အားနှင့် ရေစီး၏တွန်းအားတို့ကြောင့် တစ်ဖက်ကမ်းသို့ အမေရောက်သွားတော့သည်။ အမေ့မှာ မှောက်လျက်အနေအထားဖြင့်ပင် အသက်ကို ပြင်းပြင်းရှူနေလိုက်သည်။ ငယ်ငယ်တုန်းက အပေါင်းအသင်းများနဲ့ ချောင်းထဲ၊ မြောင်းထဲပြေးလွှား ဆော့ကစားရင်း ရေကူးတတ်ခဲ့လို့သာ အသက်ရှင်ခွင့်ရသည်ဟု နှလုံးပိုက်မိသည်။

အမေ အမောနည်းနည်းပြေသည်နှင့် လေးဘက်ထောက်ထပြီး ထိုင်လိုက်သည်။ အရပ်လေးမျက်နှာကို လက်အုပ်ချီပြီး ရှိခိုးလိုက်၏။

"ငါ့သား၊ ငါ့သမီးတွေကို ကျန်းကျန်းမာမာနဲ့ပဲ ပြန်တွေ့ပါရစေ"

အမေသည် အားတင်းပြီး တောင်ထိပ်သို့ တက်လိုက်ပြန်သည်။ ကျောက်တုံးကြီးတစ်တုံးနားသို့ အရောက်တွင် မြင်ကွင်းတစ်ခုသို့ အာရုံရောက်သွားပြီး အမေ အနီးသို့သွားကြည့်လိုက်သည်။ အမွေးအတောင်မစုံသေးသော ငှက်ကလေးတစ်ကောင် တောင်ပံလေး တစ်ဖျပ်ဖျပ်ခတ်ကာ မုန်တိုင်းဒဏ်ကို မရှုမလှုခံနေရရှာသည်။ ငှက်ကလေးမှာ အမေ့ကို ကြည့်နေရှာသည်။

"ခြော်... နင်လည်း ဒုက္ခပါလား ငှက်ကလေးရယ်"

အမေသည် ငှက်ကလေးကိုလက်ဖြင့် အသာအယာယူပြီး ကျောက်တုံးကြီးအောက် လေကွယ်ရာ၌ သွင်းထားလိုက်သည်။ ဘေးဘယ်ညာသို့ တစ်ချက်ဝေ့ယမ်းကြည့်လိုက်ပြန်သည်။ ငှက်ကလေး၏မိခင်ပဲ ဖြစ်တန်တူသည်။ ကျောက်တုံးခုံးခုံးကြီးတစ်တုံးကို အကာအကွယ်ယူကာ ဆက်ရက်မလေးတစ်ကောင်ရှိနေသည်။ ငှက်မလေးမှာ သူ့သားငယ်ကို မိခင်တို့၏ကြီးမားသောမေတ္တာဖြင့် စိုက်ကြည့်နေ၏။ သို့သော် သားငယ်ကို ငှက်ငယ်မ မကယ်နိုင်ရှာ။ သူကိုယ်တိုင်တောင် အခြေအနေမည်သို့ ဖန်လာမည်ကို သိနိုင်မည်တဲ့လား။ ငှက်ကလေးသားအမိကိုတွေ့မှ အမေပိုပြီးဝမ်းနည်းလာသည်။

"နင်လည်း ငါ့လိုပါပဲလား ငှက်မလေးရယ်"

ရင်ထဲမှ တိုးတိတ်စွာ အမေ ရေရွတ်လိုက်၏။ အားငယ်စိုးရိမ်မှု စိတ်ခြေရာများသည် အမေ၏မျက်နှာပြင်တွင်ထင်ဟပ်နေပေ၏။ မုန်တိုင်းလေသည် လောကကြီးအား သိမ့်သိမ့်ခါအောင် ကိုင်လှုပ်နေသည်။ တောအလုံး၊ တောင်အလုံး ပျက်ကြွေပြုန်းနေကြ၏။ မလဲပြိုဘဲ ကျန်နေကြသော သစ်ပင်များတွင်လည်း သစ်ခက်သစ်ရွက်တို့ ကြွေကုန်ကြပြီ။

အမေသည် ရသမျှ ဘုရားစာများကို ရွတ်သည်။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိလည်းပါသည်။ သမ္မုဒ္ဓေဂါထာကိုလည်း ရွတ်သည်။ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ မစပါ စသည့် တတ်သမျှ၊ မှတ်သမျှ ရွတ်နေမိသည်။ တဖြည်းဖြည်းတောင်ထိပ်ပေါ်သို့ အမေရောက်လာခဲ့သည်။

"ဟာ... ဟိုမှာ ရှေ့က ဟင်းလင်းပြင်ကြီးမြင်နေရတာတို့ ရွာဟောင်းပြင်ကွင်းပဲ "

အမေ နှုတ်မှ လွတ်ခနဲထွက်သွားသည်။ သံယောဇဉ်တရား၏တွန်းအားကြောင့်ပဲဟု ထင်သည်။ တောင်အဆင်းတွင် အမေ၏ခြေလှမ်းများ တော်တော်သွက်နေ၏။

"ဂလွမ်း ဦး ဗိုင်း"

သည်တစ်ချီတွင် အမေနောက်ကျခဲ့လေပြီ။ အမေ ရှောင်တိမ်းချိန်မရလိုက် အမေ့ခန္ဓာကိုယ်ကြီး ပြိုလဲဆင်းသွားတော့သည်။ ခေါင်းကပူခနဲခံစားလိုက်ရ၏။ ခဏလေးမှေးပြီး အမေထထိုင်လိုက်သည်။ ခန္ဓာကိုယ်ကို လှုပ်ရှားနိုင်သေးသဖြင့် ကျေနပ်သလို ဖြစ်သွားသည်။

"ကျတ် ကျတ် ကျတ် နာလိုက်တာ"

အမေခေါင်းကို စမ်းကြည့်လိုက်၏။ လက်တွင် သွေးများစွန်းထင်းပါလာ၏။

"ဟာ...ခေါင်းကွဲသွားပြီ"

သွေးတွေ ဒလဟော ယိုစီးထွက်လာကြသည်။ သို့သော်ရွံစိုပြီး တာရှည်မနေ မိုးရေဖြင့် စီးကျသွားကြသည်။

"သစ်ကိုင်းနဲ့ ရိုက်မိတာမဟုတ်လို့ တော်သေးတာပေါ့"

အမေမှာ ကျိုးကျလာသော သစ်ကိုင်းကို ရှောင်လိုက်ရင်း လဲကျသွားစဉ် ခဲလုံးနဲ့ထိပြီး ဦးရေနည်း နည်း လန်သွားခြင်းသာဖြစ်သည်။

"ငါ့သား၊ ငါ့သမီးတွေ ဘယ်လိုများ နေကြလိမ့်မလဲနော်"

စိုးရိမ်မှုသည် နှလုံးသားတွင် လာဆောင့်သည်။ အမေ့မှာ ဒုက္ခသစ္စာတရား၏ဖိစီးမှုကို မရှုမလှုခံနေရရှာသည်။ သားသမီးများနဲ့ တွေ့လိုမှုဆန္ဒတရားသည် အမေ့အား ပြင်းပြင်းထန်ထန်စေ့ဆော်နေသည်။ တောင်အောက်သို့ ပြေးဆင်းလိုက်ပြန်၏။ သို့သော် ထင်သလောက်ခရီးမတွင်။ လဲကျနေကြသော သစ်ပင်များက လမ်းပိတ်ဆို့နေကြသည်။ အခက်အခဲ၊ အတားအဆီးများကို ကွေ့ပတ်ရှောင်ဖယ်ပြီး အမေကြိုးစားပြီးဆင်းလိုက်၏။

"ဟာ...ဟိုမှာ ရောက်ပြီဟေ့ ရောက်ပြီ"

ဆက်လက်ဖော်ပြပါမည်။

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ



ထားဝယ် စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လူငယ်ရေးရာကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၆ ရက်က ထားဝယ်မြို့အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လူငယ်ရေးရာကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူး ဒေါ်စံပယ်သွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့်စိတ်ကူးစိတ်သန်းများ၊ အိပ်မက်များအကောင်အထည်ဖော်ရာတွင် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ အတွေ့အကြုံရှိသူများကိုမေးမြန်းခြင်းမှ ရရှိနိုင်သကဲ့သို့ ကျောင်းသားအချင်းချင်း တိုင်ပင်ဆွေးနွေးခြင်းတို့မှလည်း ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-10 ကျောင်းသူ မဆုမွန်ကျော်က လူငယ်နှင့်စာကြည့်တိုက်၊ Grade-10 ကျောင်းသူ မနှင်းအိမ်သူက လူငယ်နှင့် ယဉ်ကျေးမှု၊ Grade-10 ကျောင်းသူ မသဇင်ဝင်းက လူငယ်နှင့် AI၊ Grade-11 ကျောင်းသူ မလှိုင်သဇင်ခိုင်က လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရန် စက်တင်ဘာလ ၇ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအဘိတ်ဆေးခပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး ခြင်ဆေးဖျန်းခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအဘိတ်ဆေးခပ်ခြင်းလုပ်ငန်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

★ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့်တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် စာမျက်နှာ ၆ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

❖ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိ. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညီစော ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

★ **စာမျက်နှာ ၅ မှအဆက်**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိသက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

"မိုးပေါ်ကရေမြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတွဲတော" ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစက်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။ **စာမျက်နှာ ၇ သို့** ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်
ပိုးရယ်အောင်သိန်း ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်
မန်းငြိမ်းမောင် ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်
ခွန်စံလွင် ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။


★ စာမျက်နှာ ၆ မှအဆက်

ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိသစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ **“ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ သစ်ပင်ရံမှ သဏ္ဌာန်လှပမြဲထာဝရ”** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှ ကာကွယ်ပြီး ဆည်များရေရှည်တည်တံ့စေမည်ဖြစ်ကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုများသည် ရေဝေရေလဲသစ်တောများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ နုန်းအနည်အနှစ်များ ပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ်လျော့ပါးသက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက်ထင်း၊ တိုင်၊ မျောစသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ် ပြုစုထိန်းသိမ်း စောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်ကတစ်ခါတစ်ရံသာ ရေကြီးခဲ့သည့်မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကို တွေ့ရကြောင်း၊ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသာလျှင် ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်

❖ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်၊ လူသာလျှင်ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြမယ်ဆိုရင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း . . .



ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပစဉ်။

ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြမယ်ဆိုရင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

“သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန် အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု” ဟု ဆိုသည့်အတိုင်း သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကိုအားလုံးဝိုင်းဝန်းထိန်းသိမ်းပြုစုစောင့်ရှောက်မှသာ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များကြွယ်ဝသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို

စာမျက်နှာ ၈ သို့ ★

❖ ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်အဝှမ်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ် . . .

★ စာမျက်နှာ ၇ မှအဆက်

စဉ်ဆက်မပြတ်တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော်ပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသည့် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့်တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် တတိယအကြိမ်မြောက်သီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ နိုင်ငံအဆင့် သစ်ပင်စိုက်ပွဲတော် ၁၀ ကြိမ်၊ စိုက်ပင်ပေါင်း ၁၇၆၇၇ ပင်၊ နိုင်ငံနှင့်အဝှမ်း သစ်ပင်စိုက်ပွဲတော် ၁၅၈၄ ကြိမ်၊ စိုက်ပင်ပေါင်း ၁ ဒသမ ၁၃၈ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်လျက်ရှိရာ၌ ယခုနှစ်အပါအဝင် နိုင်ငံတစ်ဝန်း သစ်ပင်ပေါင်း ၂၂ ဒသမ ၈၅၆ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေး တက္ကသိုလ်တွင် စာပေဟောပြောပွဲကျင်းပ

ကွမ်ကျိုး စက်တင်ဘာ ၇

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ဖိတ်ကြားချက်အရ ကွမ်ကျိုးမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ဦးဆောင်သည့် စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအဖွဲ့သည် စက်တင်ဘာလ ဖ ရက် နံနက် ၁၀ နာရီတွင် ကွမ်ကျိုးမြို့ရှိ ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေးတက္ကသိုလ် သို့ရောက်ရှိရာ အဆိုပါတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဌာနမှူး ကျိုးဖုန်(Zhou Peng)၊ အရှေ့တိုင်းဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်မှ ပါမောက္ခ လျှိုကျစ်ချန်(Liu Zhi Qiang)၊ မြန်မာစာဘာသာဌာနမှူး ကျန်းဝေ့ကော (Zhong Wei Guo)၊ မြန်မာဘာသာဌာန မြန်မာစာကထိကဆရာမ ဝူတီ(Wu Di)၊ မြန်မာစာဆရာ ကျောက်ချိုင်ကျင်း (Zhuo Cai Jun) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများပြောကြားကြပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်



(မြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာရန်ကုန်ဥက္ကဋ္ဌ၊ စာရေးဆရာမတက္ကသိုလ်မြမဆွေးစာရေးဆရာတော်ကောင်းမင်းတို့က မြန်မာကဗျာမြန်မာစာနှင့်ပတ်သက်သည်များကို ဟောပြောဆွေးနွေးကြသည်။


အဆိုပါတွေ့ဆုံပွဲသို့ မြန်မာစာအဓိကဘာသာရပ်ကို သင်ကြားပို့ချပေးနေသော တရုတ်လူမျိုးဆရာ၊ ဆရာမများ၊ မြန်မာစာအဓိက သင်ယူလျက်ရှိသော တရုတ်လူမျိုး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် အမှတ်တရစာပေလက်ဆောင်များအပြန်အလှန်ပေးအပ်ခဲ့ကြသည်။ (သတင်းစဉ်)

နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၇

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈လ)



မြန်မာ့ပင်လယ်ပြင်

နေပြည်တော် စက်တင်ဘာ ၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

(မိုး/၈လ)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရေကန်များတူးဖော်နေမှု ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၇

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ရေးတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း ရေကန်နှစ်ကန် ပါဝင်လျှဒါန်းတူးဖော်ပေးလျက်ရှိရာ ဒုတိယဝန်ကြီးဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တူရွင်းတိုင်ကျေးရွာအနီးရှိ ကန်အမှတ်-၀၅၉ ပအိန်းကန်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကုန်းတန်းကြီးကျေးရွာအဝင်လမ်း အရှည် ၄ ဖာလုံကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးမည့် လမ်းအရှည် ၁ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် အောက်ခံမြေပြုပြင်နေမှုနှင့် ရေကျော်တည်ဆောက်မည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကုန်းတန်းကြီးကျေးရွာ၌ ကုန်းတန်းကြီးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ သန့်စင်ကြယ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၊ ဖျောက်ဆိပ်ကင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့မှ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိရှေးဟောင်းရေကန်များနှင့် အထင်ကရနေရာများသို့ သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိသည့် လမ်းကိုးလမ်းတွင်ပါဝင်သော အရှေ့ဖွားစောကျေးရွာမှ ဇယဝေရီကန်သို့ သွားသည့် လမ်းျငင်းကျောက်ခင်းထားမှု၊ ပေ ၅၂၄၀ ၌ မြေသားထု ၂ ပေတင်၍ သိပ်သည်းမှု (Compaction) ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ပေ ၁၅၀ ကွန်ကရစ်ရေကျော် စတင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဇယဝေရီကန်တွင် မိုးရေစုဆောင်းရရှိမှုနှင့် ကန်ပတ်ဝန်းကျင် သစ်ပင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုသည်။

ဆက်လက်ပြီး သူဌေးကန်ကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားနေသည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသူများအတွက် အပ်ချုပ်စက်များ ထောက်ပံ့ပေးအပ်ကာ ၎င်းတို့ချုပ်လုပ်ထားသော သင်တန်းဆင်းလက်ရာများကို လည်းကောင်း၊ မင်းနန်းသူကျေးရွာအဝင်လမ်းတွင် အရှည်ပေ ၂၀ ကွန်ကရစ်ရေကျော်တည်ဆောက်နေမှုနှင့် ကတ္တရာခင်းရန်အတွက် ပစ္စည်းစုဆောင်းနေမှုတို့ကိုလည်းကောင်း၊ မင်းနန်းသူကျေးရွာတွင်းလမ်းများ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တူးဖော်ပေးခဲ့သော မြေနဲလေးကျေးရွာအနီးရှိ ကန်အမှတ်-၀၆၁ တူးဖော်ပြီးစီးမှုနှင့် ရေစတင်ဝင်ရောက်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ်သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်နှင့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးအစီအစဉ်အရ ချိတ်ဆက်ထားသော ခေတ်မီစံပြကျေးရွာသုံးရွာအနက် ခရီးသွားကဏ္ဍဖြင့် ချိတ်ဆက်ထားသည့် မြင်းကပါစံပြကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ဂျင်းကျောက်ခင်းနေမှု၊ ရေနုတ်မြောင်းများ အုတ်ရိုးစီနေမှုနှင့် Slab Culvert ၁၀ စင်း တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လောကနန္ဒာစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုပြီး မဏ္ဍူသကနတ်ပန်းမှ ရေချိုးဆပ်ပြာ၊ လက်ဖက်ခြောက်၊ ယို၊ အလှဆီ၊ ခေါင်းလျှော်ရည် စသည့်တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ရောင်းချနေသော ဒေသခံစျေးသည်များနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း၏ ယွန်းထည်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ



နေပြည်တော် စက်တင်ဘာ ၇

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၈ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိသော ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ Woman Team Regu ပြိုင်ပွဲတွင်မြန်မာပိုက်ကျော်ခြင်းအသင်းကြေးတံဆိပ်တစ်ခုထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက်တတိယကြေးတံဆိပ်ဆုကိုရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ ဗီယက်နမ်အသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့်ကိုရီးယားအသင်းတို့က ပူးတွဲတတိယကြေးတံဆိပ်ဆုတို့အသီးသီးရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာလ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာရှဒေသတွင်းနိုင်ငံများအပြင် အခြားတိုက်များမှ နိုင်ငံများလည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းမှ နည်းပြအုပ်ချုပ်ခြောက်ဦး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၁ ဦးတို့သည် အမျိုးသားပြိုင်ပွဲများအဖြစ် (Team, Quadrant, Mixregu, Mixquadrant) နှင့် အမျိုးသမီးပြိုင်ပွဲများအဖြစ် (Team, Quadrant, Hoop) စသည့် ပြိုင်ပွဲ အမျိုးအစား ခုနစ်မျိုးတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး စက်တင်ဘာလ ၇ ရက် ညနေပိုင်း ပွဲစဉ်များအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်တစ်ခု၊ငွေတံဆိပ်တစ်ခု၊ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိထားပြီဖြစ်ကြောင်း သိရသည်။

(၅၀၀)

စာတတ်မြောက်ရေး ဖေးကူပေး

❖ နိုင်ငံတစ်ခု၊ ဖွံ့ဖြိုးမှုတွက် အားပြုဖွယ်ရာ၊ တွေးရှုပါလျှင် စာပေတတ်ထား၊ လူ့စွမ်းအားတွေ ပေါများမှုသည် အဓိက။

❖ တိုးတက်မှုများ၊ ဖွံ့ဖြိုးအားတွေ ကြီးမားကာနေ၊ နိုင်ငံတွေ၏ အခြေခံကား၊ နိုင်ငံသားတို့ ကြိုးစားဖွေရှာ၊ မြတ်ပညာမှာ စာပေတတ်သိခြင်းပေတည့်။

❖ စာတတ်မြောက်မှု၊ လူချင်းတူလျှင် သူတစ်ပါးထက်၊ ဉာဏ်ရည်သွက်ကာ ထက်မြက်မှုအား၊ ပိုင်ဆိုင်ငြား၍ တခြားအရာ၊ အဖြာဖြာလည်း လေ့လာတတ်သိ လွယ်ကူ၏။

❖ ထို့ကြောင့်သာပင် ပြည်ခွင်ဖွံ့ဖြိုး၊ အလှတိုးရေး သယ်ပိုးနိုင်ရာ၊ တွေးဆပါ၍ စာမတတ်သူ ကင်းစေရာ။ ဖေးမကူညီ ဆောင်ရွက်ပါ။ ။

မနောသစ်(ပခုက္ကူ)

သဇင် (FM)အသံလွှင့်အစီအစဉ်

၈-၉-၂၀၂၄(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ	၃။ ၁၃:၃၀	Music Crazy
			၄။ ၁၄:၅၅	Sporty Zone
၂။	၁၀:၄၀	နိပါတ်တော်လာ သိမှတ်စရာ	၅။ ၁၈:၂၀	Relaxing Moment
			၆။ ၂၁:၄၀	အသံလွှင့်ဇာတ်လမ်း

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အဝလွန်ခြင်း(obesity)နှင့် ဆီးချိုရောဂါ(Diabetes)

ဒေါက်တာလွင်သန့်

"အဝလွန်ခြင်း၏ဆိုးကျိုးများမှာ သွေးချို၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးတွင်းအဆီဓာတ်များသောရောဂါ တစ်ခုချင်းဖြစ်စေ၊ အထက်ပါသုံးမျိုးစလုံးဖြစ်စေ အဝလွန်သည့်လူနာတစ်ဦးတွင်တွဲ၍တွေ့ရှိခြင်း(Metabolic syndrome)၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အရိုးကျိုးပေါင်းတက်ရောဂါ၊ ဆီးမထိန်းနိုင်ခြင်း၊ ကင်ဆာရောဂါများ ဥပမာ-ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အမျိုးသမီးများ ကလေးရရှိရန်မလွယ်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုအားနည်းခြင်း၊ စိတ်ကျရောဂါ၊ အရေပြားရောဂါ စသည်တို့ဖြစ်စေနိုင်သည်. . ."

ယနေ့ခေတ်တွင် မကူးစက်တတ်သောရောဂါများ အဖြစ်များလာသကဲ့သို့ လူများ၏အလုပ်လုပ်ကိုင်မှုစနစ်တွင် အထိုင်များလာသည်နှင့်အမျှ ကိုယ်လက်လှုပ်ရှားမှုနည်းလာကာ အဝလွန်ခြင်း၊ သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ နာတာရှည်အဆုတ်လေပြွန်ရောင်ရောဂါ၊ အရိုးပွရောဂါနှင့် ကင်ဆာရောဂါတို့ ပို၍အဖြစ်များလာသည်။

ကိုယ်အလေးချိန်တစ်ခုတည်းဖြင့် အဝလွန်၊ မလွန်ဆုံးဖြတ်၍မရပါ။ မိမိရောဂါနှင့်လျော်ညီသော ကိုယ်အလေးချိန်အချိုးအဆ BMI (၁၈ ဒသမ ၉-၂၄ ဒသမ ၉ အတွင်း) ရှိသင့်သည်။ BMI ဆိုသည်မှာ ကိုယ်အလေးချိန်(ကီလိုဂရမ်)ကို အရပ်အမြင့် မီတာ(နှစ်ထပ်ကိန်း)ဖြင့်စား၍ရသော ရလဒ်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် အဝလွန်ခြင်းဖြစ်ပွားသူ အမျိုးသား သန်း ၂၀၀ နှင့် အမျိုးသမီး သန်း ၃၀၀ ခန့်ရှိသည်ဟု သိရသည်။ ၂၁ ရာစုတွင် အဝလွန်ခြင်းသည် လူအများအတွက် အလေးအနက်ထားရမည့် အကြီးဆုံးပြဿနာဖြစ်လာသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ဘဝနေထိုင်မှုပုံစံပြောင်းလာကာ အဝလွန်ခြင်းဖြစ်သည့်နှုန်း မြင့်မားလျက်ရှိသည်။

အမျိုးသား၊ အမျိုးသမီးမရွေး၊ အသက်အရွယ်မရွေး အဝလွန်စေရန်အတွက် BMI ၂၅ အောက်ထိန်းထားရန်လိုအပ်ပြီး BMI ၂၅ ထက်ကျော်လွန်လာခြင်းသည် သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါများဖြစ်နိုင်ခြေပိုများသည်။

ဝနိုင်ခြေများသူများမှာ အသက်အရွယ်မရွေးဖြစ်နိုင်သည်။ မျိုးရိုးကြောင့်၊ ရောဂါကြောင့်၊ ပတ်ဝန်းကျင်လွှမ်းမိုးမှုကြောင့် တချို့သောသူများ ပိုဝနိုင်သည်။ အချို့အဆိပ်ခံစားသောသူများနှင့် ပုံမှန်လေ့ကျင့်ခန်းမလုပ်သူများ ပိုမိုဝနိုင်ခြေရှိသည်။

အဝလွန်ရခြင်းအကြောင်းရင်းမှာ အများအားဖြင့် ပုံမှန်လေ့ကျင့်ခန်းမလုပ်ခြင်း၊ အဆီများသောအစားအစာများစားခြင်း၊ အချို့အဆိပ်ခံစားလွန်းခြင်းကြောင့် ခန္ဓာကိုယ်က သကြားဓာတ်ကိုအသုံးနည်းပြီး ပိုသောသကြားဓာတ်ကို အဆီအဖြစ် သိုလှောင်ထားသောကြောင့် ခန္ဓာကိုယ်အလေးချိန်တက်ကာ အဝလွန်ခြင်းဖြစ်သည်။

အဝလွန်ခြင်း၏ဆိုးကျိုးများမှာ သွေးချို၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးတွင်းအဆီဓာတ်များသောရောဂါ တစ်ခုချင်းဖြစ်စေ၊ အထက်ပါသုံးမျိုးစလုံး အဝလွန်သည့်လူနာတစ်ဦးတွင်တွဲ၍တွေ့ရှိခြင်း(Metabolic syndrome)၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အရိုးကျိုးပေါင်းတက်ရောဂါ၊ ဆီးမထိန်းနိုင်ခြင်း၊ ကင်ဆာရောဂါများ ဥပမာ-ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အမျိုးသမီးများ ကလေးရရှိရန်မလွယ်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုအားနည်းခြင်း၊ စိတ်ကျရောဂါ၊ အရေပြားရောဂါ စသည်တို့ဖြစ်စေနိုင်သည်။

အဝလွန်ခြင်းနှင့်ဆက်စပ်ပြီး ဖြစ်နိုင်သောရောဂါမှာ သွေးချို၊ ဆီးချိုရောဂါပင်ဖြစ်သည်။ ကမ္ဘာပေါ်၌ ၂၀၁၀ ပြည့်နှစ်တွင် သွေးချို၊ ဆီးချိုရောဂါလူနာပေါင်း ၂၈၅ သန်းရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သွေးချို၊ ဆီးချိုရောဂါလူနာပေါင်း နှစ်ဆခန့်တိုးလာနိုင်သည်ဟု ခန့်မှန်းထားသည်။ သွေးချို၊ ဆီးချိုရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးမြင့်မားလျက်ရှိပြီး ယခင်က ဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာ အဖြစ်များသော်လည်း ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အဖြစ်များလာသည်။ ၂၀၃၀ ပြည့်နှစ်တွင် ယင်းရောဂါသည် အာရှတိုက်နှင့် အာဖရိကတိုက်တို့တွင် အမြင့်မားဆုံးဖြစ်ပွားလာနိုင်သည့်အခြေအနေသို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ယင်းကဲ့သို့ဖြစ်ပွားလာရခြင်းမှာ လူနေမှုပုံစံပြောင်းလဲလာခြင်းနှင့် အနောက်နိုင်ငံများကဲ့သို့ စားသောက်မှုပုံစံပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်သည်။

သွေးချို၊ ဆီးချိုရောဂါဆိုသည်မှာ နာတာရှည် သွေးတွင်းသကြားဓာတ်များသောရောဂါဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အင်ဒိုခရိုင်(Endocrine)အဖွဲ့အစည်းတစ်ခုဖြစ်သော ပန်ကရိယ(Pancreas)မှ အင်ဆူလင်ဟုခေါ်သော ဟော်မုန်းများထုတ်လုပ်မှုမရှိခြင်း၊ ထုတ်လုပ်မှုနည်းခြင်း သို့မဟုတ် အင်ဆူလင်အလုပ်မလုပ်ခြင်းတို့ကြောင့်ဖြစ်သည်။

သွေးချို၊ ဆီးချိုရောဂါမျိုးရိုးရှိလျှင် ပို၍ဖြစ်နိုင်သည်။ မျိုးရိုးမရှိဘဲလည်းဖြစ်နိုင်သည်။ သွေးတိုးခြင်း၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းတို့ကြောင့် ပိုမိုဖြစ်ပွားနိုင်သည်။

သွေးတွင်းသကြားဓာတ်ပမာဏကို ဆီးချိုတိုင်းစက်(Glucometer)ဖြင့် တိုင်းတာမှသာ သိရှိနိုင်သည်။ ဆီးတွင်းသကြားဓာတ် ရှိ၊ မရှိစမ်းသပ်ရုံဖြင့်မရပါ။ အစားအစာစားသောက်ခြင်းသည် သွေးတွင်းသကြားပမာဏကို ပြောင်းလဲစေသည်။ သွေးချို၊ ဆီးချိုရောဂါဟုဆိုနိုင်သော သွေးတွင်းအချိုပမာဏမှာ အစာမစားမီ သွေးတွင်းအချိုဓာတ် ၁၂၆ မီလီဂရမ်ရာခိုင်နှုန်းနှင့်အထက်၊ ကြုံကြိုက်သည့်အချိန်တွင် ဖောက်သော သွေးတွင်းအချိုပမာဏ ၂၀၀ မီလီဂရမ်ရာခိုင်နှုန်းနှင့်အောက်၊ အစာစားပြီး နှစ်နာရီအတွင်း အချိုဓာတ် ၇၅-၁၇၅ မီလီဂရမ်ရာခိုင်နှုန်းနှင့်အထက်ရှိသူများကို ဆီးချိုရောဂါရှိသူများဟု သတ်မှတ်နိုင်သည်။

ဟေမိုဂလိုဘင်အေဝမ်းစီ(HbAIC)၏ ဆီးချိုသတ်မှတ်နိုင်မှု HbAIC ၅ ဒသမ ၇ ရာခိုင်နှုန်းအထက်ဆိုလျှင် ဆီးချိုရောဂါဖြစ်ပြီး ၅ ဒသမ ၇ ရာခိုင်နှုန်းအောက်ဆိုလျှင် ဆီးချိုမရှိဟုသုံးသပ်သည်။ HbAIC ပမာဏကို အမြဲတမ်း ၅ ဒသမ ၇ ရာခိုင်နှုန်းအတွင်း ထားရှိရန်လိုအပ်သည်။ သွေးတွင်းအချိုဓာတ်ကို သွေးဖောက်စစ်ဆေးခြင်းသည် စစ်ဆေးသည့် အချိန်ကာလ သွေးတွင်းအချိုဓာတ်ပမာဏကိုသာဖော်ပြနိုင်ပြီး ကျန်အချိန်များတွင် အချိုဓာတ်ပမာဏများနေခြင်း၊ နည်းနေခြင်းကိုမူ မဖော်ပြနိုင်ပါ။ သို့သော် HbAIC တိုင်းတာခြင်းသည် ခက်ခဲပြီး ပြီးခဲ့သော သုံးလအတွင်း မိမိတွင် အချိုပမာဏအားကောင်းစွာထိန်းထားနိုင်ခြင်းရှိ၊ မရှိသိနိုင်သည်။ ယင်းမှာ သွေးနီဥသက်တမ်း ရက်ပေါင်း ၁၂၀ ရှိသောကြောင့်ဖြစ်သည်။

သွေးချို၊ ဆီးချိုနောက်ဆက်တွဲဆိုးကျိုးမှာ ရုတ်တရက်ဖြစ်ခြင်းတွင် သွေးချိုရုတ်တရက်တက်ခြင်း၊ သွေးတွင်းအချိုဓာတ်လွန်ကဲခြင်း၊ သတိလစ်ခြင်း၊ သွေးတွင်းအချိုဓာတ်ကျလွန်းခြင်း စသည်တို့ဖြစ်သည်။ နာတာရှည်ဖြစ်ခြင်းတွင် မျက်စိကွယ်ခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်း၊ အာရုံကြောများပျက်စီးကာ ထုံကျဉ်ခြင်း၊ ခြေထောက်ပုပ်ခြင်း၊ ရောဂါပိုးဝင်လွယ်ခြင်း စသည်တို့ဖြစ်သည်။ သွေးတွင်းသကြားဓာတ်ပုံမှန်ဖြစ်စေရန် အစားလျှော့စားသင့်သည်။ ပြည့်ဝဆီလျှော့စားသင့်သည်။ အမျှင်ဓာတ်များသောဟင်းသီးဟင်းရွက်များကို အသားနှင့်မျှတစွာစားသုံးသင့်သည်။ ရေဆာလျှင် ရေသာသောက်သင့်သည်။ အချိုရည်၊ အရက်၊ ဘီယာမသောက်သင့်ပါ။ အရက်၊ ဘီယာက ခန္ဓာကိုယ်တွင်းရေဓာတ်ကို တစ်ခဏအတွင်း ညစ်နွမ်းစေ၍ ရေများများသောက်ရန်လိုအပ်သည်။ အဝမလွန်အောင် လူတိုင်း နေ့စဉ်နာရီဝက်မှ တစ်နာရီ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။ စိတ်ဖိစီးမှုများကို တတ်နိုင်သလောက် လျှော့ချသင့်သည်။

မစားသုံးသင့်သောအစာများမှာ ကစီဓာတ်ပါဝင်သောအစားအစာများ၊ ဆန်၊ ဂျုံတို့ဖြင့်ပြုလုပ်ထားသော အစားအစာများဖြစ်သည်။ အသားထဲတွင် ငါးအမျိုးမျိုး၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊(အဆီမပါ)၊ ဘဲသား၊ ကြက်သား(အရေခွံမပါ)စားနိုင်သည်။ ဆီထဲတွင် မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ သံလွင်ဆီ၊ ငါးကြီးဆီစားနိုင်သည်။

ထိန်းထားသင့်သည့် သွေးတွင်းအချိုဓာတ်မှာ အစာမစားမီ ၉၀-၁၃၀ မီလီဂရမ်ရာခိုင်နှုန်း၊ ကြုံကြိုက်သလိုဖောက်သည့်သွေးတွင်းအချိုဓာတ် ၁၁၀-၁၈၀ မီလီဂရမ်ရာခိုင်နှုန်းအတွင်းနှင့် အစာစားပြီးနှစ်နာရီအတွင်း အချိုဓာတ် ၁၈၀ မီလီဂရမ် ရာခိုင်နှုန်းအောက်ရှိသင့်သည်။ သွေးတွင်းအချိုဓာတ်၊ အဆီဓာတ်၊ သွေးပေါင်ချိန်တို့ကို ရည်မှန်းချက်အတွင်းထားနိုင်လေ၊ ဆင့်ပွားဖြစ်သော နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနည်းလေဖြစ်သဖြင့် ဆရာဝန်နှင့်ပြသပြီး ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဟင်္သာတမြို့ ပဲမျိုးစုံစျေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းမွန်နေ

ဟင်္သာတ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပဲမျိုးစုံစျေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး) များ ဝယ်လိုအားကောင်းလာသည့်အတွက် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ရီဝင်း၏ပြောပြချက်အရ သိရသည်။

ဟင်္သာတမြို့ ပဲမျိုးစုံစျေးကွက်၌ ဩဂုတ်လဒုတိယပတ်မှစ၍ လက်ရှိအချိန်ထိ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအား ကောင်းလာသည့်အတွက် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ထိုသို့ အရောင်းအဝယ်ကောင်းမွန်လာခြင်းသည် ပြည်တွင်းစျေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသစျေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီတွေ ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းစျေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ ပြည်ပပဲစျေးကွက်ကိုပြန်လည်တင်ပို့နေလို့ အခုလိုဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေ သိရပါတယ်။ ဩဂုတ်လဒုတိယပတ်လောက်ကစပြီး အဝယ်လိုက်လာတာပါ။ ဒီရက်ပိုင်းအတွင်း ထောပတ်ပဲနီစျေး နည်းနည်းတက်လာပါတယ်။ လက်ရှိ ထောပတ်ပဲနီကို စိုက်ပျိုးတောင်သူတွေနဲ့ သိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာရှိပါတယ်။ ထောပတ်ပဲနီက လာမယ့်ပဲပေါ်တဲ့ရာသီအထိ အရောင်းအဝယ်ဆက်ကောင်းနေဖို့ပဲရှိပါတယ်"ဟု ဒေါ်ရီဝင်းကပြောသည်။

ဟင်္သာတမြို့ ပဲမျိုးစုံစျေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတာကျော်

လွိုင်ကော်ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

လွိုင်ကော် စက်တင်ဘာ ၇

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တက္ကသိုလ်၊ ကောလိပ်များနှင့် သိပ္ပံကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အလေးထားစီမံဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ဆရာ၊ ဆရာမဝန်ထမ်းအိမ်ရာများ၊ ခန်းမဆောင်နှင့် ကျောင်းစာကြည့်တိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးပြီး စာသင်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် အားကစားခန်းမ၊ စားရိပ်သာနှင့်ဝန်ထမ်းများ၏ နေအိမ်များ၊ သန့်စင်ခန်းများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။ ဆက်လက်၍ ကျောင်းအစည်းအဝေးခန်းမဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသအခြေအနေအရ ပိတ်ထားခဲ့ရသော ကျောင်းများပြန်လည် ဖွင့်လှစ်နိုင်ရေး လွိုင်ကော်ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)ကျောင်း နှစ်ကျောင်းအတွက် ဦးစားပေးအနေဖြင့် စာသင်ဆောင်များ၊ ရုံးခန်းများ၊ အိပ်ဆောင်များ ၊ စားရိပ်သာများ၊ ဝန်ထမ်းများ၏ နေအိမ်များ၊ သန့်စင်ခန်းများတွင် ဆောင်ရွက်ပေးရမည့် လျှပ်စစ်မီးနှင့် ရေရရှိရေး၊ အဆောင်များ၏အမိုးနှင့် မျက်နှာကြက်များ၊ ပြတင်းတံခါးများ ပြုပြင်နိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးကို အမြန်ဆုံးဆောင်ရွက်ရန်နှင့် ပြည်နယ်အတွင်းရှိ အဆင့်မြင့်ပညာသင်ကြားရမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ အေးချမ်းပျော်ရွှင်စွာကျောင်းများပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများအားလုံးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ကို၉၎င်(လွိုင်ကော်)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၇

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရုပ်ကွက် ၃၀x၇၄ လမ်းထောင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ မန်းတောင်ရိပ်ကိုးထပ်ဆောင်ကိုးလွှာရှိဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်စိန်လွင်၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ကျော်၊ ဆေးရုံအုပ်ကြီးဒေါက်တာဆန်းလွင်ဦးနှင့် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ တိုင်းရဲအကူ တပ်ဖွဲ့ခွဲ၊ သတင်းရဲတပ်ဖွဲ့ခွဲတို့မှ အရာရှိ ၃၈ ဦး၊ အခြားအဆင့် ၇၂ ဦး၊ စာရေးဝန်ထမ်း သုံးဦး စုစုပေါင်း သွေးအလှူရှင် ၁၁၃ ဦးတို့ကို သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနီလာဝင်း၊ အထူးကုဆရာဝန် ဒေါက်တာစုလှိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်၍ သွေးဖောက်လက်ခံရယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ သွေးအလှူရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားဆေး၊ အာဟာရဖြည့်စွက်စာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် သွေးအလှူရှင်များကိုယ်စား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်ကာသွေးအိတ်များကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့ည နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်ယွန်းယွန်းသို့ရွေ့လျားနိုင်ပြီး ၈-၉-၂၀၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ သြရိသပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/၈လ)**



မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၇

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စားရေရိကွာဖူလုံပိုလျှံရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ လက်တွေ့မြေပြင်လိုအပ်ချက်နှင့် သုတေသနလုပ်ငန်းများ ဟန်ချက်ညီဆောင်ရွက်နိုင်ရေးအတွက် လစဉ်ပူးဒွပဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲများကို ဌာနတွင်းပညာရှင်များက သက်ဆိုင်ရာကဏ္ဍများမှ ဦးဆောင်ဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်လာကြသူများက သုံးသပ်အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က (၃၇)ကြိမ်မြောက် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၌ **“မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များထိန်းသိမ်းခြင်းနှင့်မျိုးမြှင့်တင်ခြင်း”** ခေါင်းစဉ်ဖြင့်ဆွေးနွေးကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာတင်ထွဋ်တို့တက်ရောက်အားပေးကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များ၊ သုတေသီများက မွေးမြူရေးတိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း နည်းပညာဆိုင်ရာတိုးတက်မှုများ အသိပညာဖလှယ်နိုင်ရေး၊ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုမြှင့်မားရေးနှင့် အကျိုးအမြတ် ပိုမိုရရှိစေရေးအတွက် တိရစ္ဆာန်များ၏ မျိုးရိုးဗီဇအရင်းအမြစ်များကို လက္ခဏာသတ်မှတ်ဖော်ထုတ်ခြင်း၊ ကာကွယ်ခြင်း၊ သုတေသနများပြုလုပ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာများ၊ ခေတ်မီနည်းပညာများကိုအသုံးပြု၍ မျိုးမြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်ရေး၊ ငါးကဏ္ဍဆိုင်ရာ နိုင်ငံ၏မူဝါဒများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးမှုအခြေအနေများ၊ သားစပ်နည်းစနစ်များ၊ မျိုးမြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ၊ ဆက်လက်လုပ်ဆောင်သင့်သည့်အချက်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာ့ဒေသမျိုးရင်းများနှင့် ဒေသမျိုးကောင်းမျိုးသန့်ထိန်းသိမ်းခြင်းတို့၏ အရေးပါမှု၊ သုတေသနများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်တို့ကို ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ဖိုလ်လုပွဲတက်ရောက်



နေပြည်တော် စက်တင်ဘာ ၇

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အကြိုဖိုလ်လုပွဲ ပထမပွဲစဉ်ကို နံနက်ပိုင်းတွင် အဆိုပါလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပညာရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိကာ ဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဖိုလ်လုပွဲ ပထမပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

ညနေပိုင်းတွင် ၂၀၂၄ ခုနှစ်အကြိုဖိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ဂိုး ဂိုးမရှိဖြင့်အနိုင်ရကာ ဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ အကြိုဖိုလ်လုပွဲ ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲကို စက်တင်ဘာလ ၉ ရက် ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပပြီး ဖိုလ်လုပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်





ကြိုဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေပြည်တော် စက်တင်ဘာ ၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့အပါအဝင် မြို့နယ်(၄)မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အပါအဝင် မြို့နယ်(၁၅)မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချို့နွဲ့ယိုပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြည်သူများစာတတ်မြောက်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု



လူတစ်ဦးသည်စာဖတ်တတ်၊ ရေးတတ်လျှင် စာတတ်သည်ဟု ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေသည်။ ခေတ်သစ်ကမ္ဘာကြီးတွင်မူ သီးသန့်နယ်ပယ်တစ်ခု၌ အသိပညာဗဟုသုတကြွယ်ဝခြင်းနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းကိုစာတတ်မြောက်သည်ဟု ဆိုလာကြသည်။ စာတတ်မြောက်မှုအယူအဆသဘောတရားသည် တဖြည်းဖြည်းပြောင်းလဲလာနေပြီဖြစ်သည်။ မျက်မှောက်ကာလတွင် စာတတ်မြောက်မှု၌ ဘာသာစကား၊ ကိန်းဂဏာန်းအချက်အလက်၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ ဆက်သွယ်ရေးနှင့်အခြားသောဗဟုသုတများကိုသိရှိနားလည်ခြင်း၊ ကျွမ်းကျင်တတ်မြောက်ခြင်းနှင့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းတို့လည်း အကျုံးဝင်လာသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် စာတတ်မြောက်မှု၏အရေးပါပုံကို မီးမောင်းထိုးပြနိုင်ရန်အတွက် ထိုနေ့ကိုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမှန်တော့ စာတတ်မြောက်ခြင်းသည် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့်လူ့အခွင့်အရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် လူတိုင်း စာတတ်မြောက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းကြီးကို ထူထောင်နိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည် (၅၇)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်သည်။ ယခုနှစ်အတွက်ဆောင်ပုဒ်သည် **"အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအတွက် စာတတ်မြောက်ရန်လိုအပ်လို့ ဘာသာစကားစုံပညာရေးကို မြှင့်တင်ကြပါစို့" "Promoting multilingual education : Literacy for mutual understanding and peace"**အနီးစပ်ဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ဘာသာစကားစုံပညာရေးမြှင့်တင်ခြင်းသည် လူအချင်းချင်းအပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် များစွာအရေးပါလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်စက်တင်ဘာလ ၇ ရက်နေ့မှစတင်၍ ၈ ရက်နေ့အထိ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း စာတတ်မြောက်ရေးနေ့အခမ်းအနားကို အမျိုးသားရေးအသွင်ဖြင့်ဆောင်ရွက်လျက်ရှိသည်။

အပြန်အလှန်တည်မှီနေ

စာတတ်မြောက်မှုအဓိပ္ပာယ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပို၍ကျယ်ပြန့်လေ့ရှိသည်။ နည်းပညာကို အခြေခံ၍ ကျယ်ပြောရှုပ်ထွေးသည့်ပြဿနာများကိုကိုင်တွယ်ဖြေရှင်းနိုင်မည်ဆိုလျှင် စာတတ်မြောက်သည်ဟုဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းပြည်တိုးတက်မှုအပေါ်မူတည်၍ စာတတ်မြောက်မှု ဖွင့်ဆိုချက်အဓိပ္ပာယ်သည် ကွဲပြားနေမည်ဖြစ်သည်။ ပြည်သူများစာတတ်မြောက်မှုနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည်။ ပြည်သူများ စာတတ်မြောက်မှုနှန်းမြင့်မားလျှင် တိုင်းပြည်တစ်ပြည် တိုးတက်လာမည်ဖြစ်သလို အစိုးရတစ်ရပ်သည်ပညာရေးအသုံးစရိတ်ကို ပိုမိုသုံးစွဲသွားမည်ဆိုလျှင် ပြည်သူများ၏စာတတ်မြောက်မှုနှုန်းမြင့်မားနေမည်ဖြစ်သည်။

ကမ္ဘာ့စာတတ်မြောက်မှုနှုန်း

ထိုသို့စာတတ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် လှုပ်ရှားမှုများလုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိအချိန်အထိ ကမ္ဘာ့စာတတ်မြောက်မှုနှုန်းသည် ၈၆ ဒသမ ၃ ရာခိုင်နှုန်းသာရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမျိုးသားများစာတတ်မြောက်မှုနှုန်းသည် ၉၀ ရာခိုင်နှုန်းရှိသော်လည်း အမျိုးသမီးများသည် ၈၂ ဒသမ ၇ ရာခိုင်နှုန်းသာရှိသည်။ မြောက်အမေရိကဒေသတွင် ၉၈ ဒသမ ၇၄ ရာခိုင်နှုန်း၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသတွင် ၉၄ ဒသမ ၆၀ ရာခိုင်နှုန်း၊ တောင်အာရှဒေသတွင် ၇၄ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် အာဖရိကဒေသတွင် ၆၇ ဒသမ ၇၂ ရာခိုင်နှုန်းဖြစ်သည်။

ထို့ပြင် ကမ္ဘာ့လူဦးရေ ၇၈၁ သန်းသည် အခြေခံစာကိုပင် ရေး၊ ဖတ်နိုင်စွမ်းမရှိကြသေးပေ။ ၎င်းတို့အနက် ၇၅ ရာခိုင်နှုန်းသည် တောင်အာရှ၊ အနောက်အာရှနှင့်အာဖရိကနိုင်ငံများမှဖြစ်သည်။ ဆိုလိုသည်မှာ အရွယ်ရောက်သူငါးဦးလျှင် တစ်ဦးသည် စာတတ်မြောက်ခြင်းမရှိသေးချေ။ ယင်းတို့အနက် သုံးပုံ နှစ်ပုံသည် အမျိုးသမီးများဖြစ်နေကြသည်။ ကလေးငယ် ၂၆၄ သန်းကျော်သည် ကျောင်းနေခွင့်မရရှိကြသေးပေ။ ထို့ပြင် တချို့သောကလေးများသည် ပုံမှန်ပညာသင်ယူခွင့်မရရှိကြသလို ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်ရသည့်ကလေးများလည်း များစွာရှိနေပြန်သည်။

စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့

မြန်မာနိုင်ငံသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ်ကြွနှန်းနှုန်းသာရှိသည်။ ဤသို့ဖြင့် ကမ္ဘာ့လူဦးရေ ၇၈၁ သန်းသည် အခြေခံစာကိုပင် ရေး၊ ဖတ်နိုင်စွမ်းမရှိကြသေးပေ။ ၎င်းတို့အနက် ၇၅ ရာခိုင်နှုန်းသည် တောင်အာရှ၊ အနောက်အာရှနှင့်အာဖရိကနိုင်ငံများမှဖြစ်သည်။ ဆိုလိုသည်မှာ အရွယ်ရောက်သူငါးဦးလျှင် တစ်ဦးသည် စာတတ်မြောက်ခြင်းမရှိသေးချေ။ ယင်းတို့အနက် သုံးပုံ နှစ်ပုံသည် အမျိုးသမီးများဖြစ်နေကြသည်။ ကလေးငယ် ၂၆၄ သန်းကျော်သည် ကျောင်းနေခွင့်မရရှိကြသေးပေ။ ထို့ပြင် တချို့သောကလေးများသည် ပုံမှန်ပညာသင်ယူခွင့်မရရှိကြသလို ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်ရသည့်ကလေးများလည်း များစွာရှိနေပြန်သည်။

စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့

မြန်မာနိုင်ငံသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ်ကြွနှန်းနှုန်းသာရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အမျိုးသားများစာတတ်မြောက်မှုနှုန်းသည် ၉၀ ရာခိုင်နှုန်းရှိသော်လည်း အမျိုးသမီးများသည် ၈၂ ဒသမ ၇ ရာခိုင်နှုန်းသာရှိသည်။ မြောက်အမေရိကဒေသတွင် ၉၈ ဒသမ ၇၄ ရာခိုင်နှုန်း၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသတွင် ၉၄ ဒသမ ၆၀ ရာခိုင်နှုန်း၊ တောင်အာရှဒေသတွင် ၇၄ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် အာဖရိကဒေသတွင် ၆၇ ဒသမ ၇၂ ရာခိုင်နှုန်းဖြစ်သည်။

ထို့ပြင

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဖြည့်စွက်ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၇/၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များဖြည့်စွက်ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးဝင်းလှိုင်ဦး(ခ)ကုန်ဇမူနန်း
ဂေါပကအဖွဲ့ဝင်
စိန်မေရီကက်သလစ်ဘုရားကျောင်း

(၂) ဦးသန်းဝင်း
ဂေါပကအဖွဲ့ဝင်
ပိန္နဲကုန်းဂျာမေဗလီ

(၃) ဦးတင်ကိုကို
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း

အမိန့်အရ
အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၈/၂၀၂၄
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ချင်းပြည်နယ်အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ကျင့်ဇမ်းအား ကျန်းမာရေးအရ တာဝန်မှအနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ
အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

အောင်မြေသာစံမြို့နယ်၊ဥပုသ်တော်ရပ်ကွက်ရှိ မျိုးချစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မျိုးချစ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်၁၄၇ပါး၊ သာသနာနွယ်ဝင်သီလရှင် ၇၃ ပါးနှင့် ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်-မန္တလေးလမ်းဟောင်း မိတ္ထီလာ-မန္တလေးလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ သစ်ပင်များစိုက်ပျိုးနေမှုနှင့် တိုးဂိတ်များကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ဦးစွာ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးကျော်မျိုးထွဋ်က လမ်းဘေးဝဲ/ယာ သစ်ပင်များ စိုက်ပျိုးရာတွင် သတ်မှတ်ပုံစံအတိုင်း စိုက်ပျိုးရန်နှင့် ဆေးလိုင်းရေးဆွဲခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် သတ်မှတ်ချက်များကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် B.O.T ကုမ္ပဏီများဖြစ်ကြသည့် သော်တာဝင်းကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ Oriental Highway ကုမ္ပဏီတို့နှင့်တွေ့ဆုံ၍ လမ်းဘေးဝဲ/ယာ စိုက်ပျိုးထားသည့် သစ်ပင်များအကြား ကွက်လပ်ဖြစ်နေသည့် နေရာများတွင် ပျိုးပင်ကြီးများအား မိုးတွင်းကာလတွင် အပြီးအစားထိုးပြန်လည်စိုက်ပျိုးသွားရန်၊ မိုးရာသီကုန်ဆုံးပါက လမ်းပေါက်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်၊ လမ်းပခုံးပျက်သောနေရာများတွင် မြေနီကျောက်စရစ်ခင်း၍ ဆောင်ရွက်ရန်၊ B.O.T လမ်းများကို နှစ်အလိုက် စီမံချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် မိတ္ထီလာမြို့တွင်းလမ်းမိုင်တိုင်အမှတ် (၁၃/၆ နှင့် ၁၃/၇)ကြား လမ်းအမှတ်အသား ဆေးလိုင်းရေးဆွဲခြင်းကိုလည်းကောင်း၊ မြစ်သားနှင့်ကျောက်ဆည်အကြား မိုင်တိုင်အမှတ် (၃၆၃/၃ နှင့် ၃၆၃/၄)အကြားတွင် ပေ ၉၀ မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျောက်ဆည်မြို့ရှောင်လမ်းတွင် လမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်မြို့ရှောင်လမ်း သော်တာဝင်းကုမ္ပဏီလမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီမှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သော်တာဝင်းကုမ္ပဏီမှ တည်ဆောက်လျက်ရှိသည့် ဘယ်လင်း-ရွှေစာရံ-အုန်းချောလမ်းအသုံးပြုခကောက်ခံမည့် တိုးဂိတ်ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

(၅၀၀)



ထူးခြားသည့်နေ့အပူချိန်များ

၇-၉-၂၀၂၄

ခန္တီး	၃၇	ဒသမ ၄	ဒီဂရီဆဲလ်စီးယက်	ရွှေဘို	၃၆	ဒသမ ဝ	ဒီဂရီဆဲလ်စီးယက်
မချမ်းဘော့	၃၇	ဒသမ ဝ	ဒီဂရီဆဲလ်စီးယက်	စစ်ကိုင်း	၃၅	ဒသမ ၉	ဒီဂရီဆဲလ်စီးယက်
ကလေးဝ	၃၇	ဒသမ ဝ	ဒီဂရီဆဲလ်စီးယက်	ပူတာအို	၃၅	ဒသမ ၈	ဒီဂရီဆဲလ်စီးယက်
မြစ်ကြီးနား	၃၆	ဒသမ ၄	ဒီဂရီဆဲလ်စီးယက်	မော်လိုက်	၃၅	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
ကသာ	၃၆	ဒသမ ၁	ဒီဂရီဆဲလ်စီးယက်	ရေဦး	၃၅	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်
မင်းကင်း	၃၆	ဒသမ ဝ	ဒီဂရီဆဲလ်စီးယက်	မြင်းမူ	၃၅	ဒသမ ၅	ဒီဂရီဆဲလ်စီးယက်

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅·c	/	၃၂.၇·c
ရန်ကုန်	၂၄·c	/	၃၀.၅·c
မန္တလေး	၂၇·c	/	၃၅.၂·c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

✷ ကျောဖုံးမှအဆက်

ပျော်ရွှင်အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Polytechnic University သို့ရောက်ရှိကြပြီး ၂၀၂၄ ခုနှစ်၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှု၊ အဆောက်အဦများဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်းတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဗုဒ္ဓဂယာသတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုခြင်း ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် မြတ်ဗုဒ္ဓ၏မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံများ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုစလိန္ဒာရေအိုင်နှင့် နဂါးရုံဘုရား၊ မြတ်စွာဘုရား တရားဦးဟောတော်မူရာ ဣသိပတန မိဂဒါဝုန်တော၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ အင်ကြင်းတောနှင့် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်တို့ကို လှည့်လည်ဖူးမြော်ကြည်ညိုခြင်း၊ သံဃာတော်များ နားနေဆောင်များနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် စေတီတော်ကြီး ပရိဝုဏ်တော်အတွင်း ချုံနွယ်ပေါင်းမြက်များ မရှိစေရေးဆောင်ရွက်ရန်၊ အမြဲသန့်ရှင်းသာယာလှပနေစေရေးဆောင်ရွက်ရန်၊ စေတီတော်ကြီးနှင့် အခြားအဆောက်အဦများ ရေရှည်တည်တံ့စေရေး **စာမျက်နှာ ၁၇ သို့ ✷**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Academy တက္ကသိုလ်ပရိဝုဏ်အတွင်း ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင်စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းလျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University တွင် အဆောက်အဦများဆောက်လုပ်လျက်ရှိမှုနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University တွင် အဆောက်အဦများဆောက်လုပ်လျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University တွင် အဆောက်အဦများဆောက်လုပ်လျက်ရှိမှုနှင့် ဘောလုံးကွင်းတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုခြင်း ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်း ဓာတ်ပုံများ ပြခန်းအတွင်းလှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဗုဒ္ဓဂယာ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဝိနယဓရ၊ ဥဘတောဝိဘင်္ဂကောဝိဒ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဘဒ္ဒန္တ ဇောတိဝရအားဖူးမြော်ကြည်ညိုခြင်း လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံဃာတော်များ နားနေဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုစလိန္ဒာရေအိုင်တွင် ငါးစာကျွေးစဉ်။

✷ **စာမျက်နှာ ၁၅ မှအဆက်**

စနစ်တကျပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်သွားရန်၊ သံဃာတော်နားနေဆောင်များ သန့်ရှင်းမှုရှိနေစေရေး ဆောင်ရွက်ရန်၊ ဓမ္မာရုံကြီး၏မျက်နှာကြက်နှင့် ကြမ်းခင်းပျက်စီးနေမှုများအား စနစ်တကျပြုပြင်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ ဝဇီရာဓမ္မဇောတိကာသိမ်တော်ကြီးသို့ ရောက်ရှိပြီး သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။ ထို့နောက် ကျောင်းထိုင်ဆရာတော် ဝိနယဓရ၊ ဥဘတောဝိဘင်္ဂကောဝိဒ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇောတိဝရအား ဖူးမြော်ကြည်ညိုခြင်း စာသင်သံဃာများ စာသင်ကြားနေမှုအခြေအနေများနှင့် ကျောင်းအတွက်လိုအပ်ချက်များကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သတ္တဿတ္ထာဟတရားစခန်း မိဂဒါဝုန်ဘေးမဲ့တောဥယျာဉ်ရှိ တိရစ္ဆာန်လေးများအား ကြည့်ရှုစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing participates in third monsoon tree growing ceremony of Nay Pyi Taw, Union Territory and plants gangaw sapling



Senior General Min Aung Hlaing views tree planting activities.

NAY PYI TAW September 7

Nay Pyi Taw, Union Territory, held its third monsoon tree growing ceremony for 2024 at plot 16 of Yanaungmyin forest reserve in Leway Township, Nay Pyi Taw, Union Territory, this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing who planted a gangaw sapling.



Vice-Senior General Soe Win plants a sapling.

Present together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the SAC Joint Secretary, SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, officers and staff of ministries, officials, teachers and students of basic education schools and institutions of higher learning in Nay Pyi Taw Council area.

First, the Senior General delivered a speech. He said the Union is organizing tree growing ceremonies with the public participation annually, and in regions and states, area-wise and department-wise monsoon tree planting activities are being held. Forest and trees are very important for survival of life on Earth and they provide benefits such as food sufficiency, a balanced climate, natural disaster prevention and water and soil

See Page - 19 ●●



Senior General Min Aung Hlaing waters a gangaw sapling.

●● From Page - 18

conservation and constantly rendering ecosystem services.

As the saying which goes **"rain from sky, forest on land, save precious rain water carefully, and the forest will bear gold"** trees and forests are so valuable as they preserve water sources and water resources. Roots of trees keep the soil protected and together with leaves and trunk, they support and control water flow and groundwater recharge. Hence, they are acting like natural water filter tanks and water storage tanks, while supporting the food sufficiency and national development.



Dr Ba Shwe waters a sapling.

Forest must be conserved for the durability of the fresh water resources, which are, rivers, creek, lakes and ponds and dams. **Nature will always be beautiful only if reservoirs, waters and creeks are filled to the brim.** So also, forest and trees protect erosion of any kind and ensure sustainability of the dams. The current floods are the cause of depletion of watershed areas for various reasons, silting and damages triggered by weakness in water flow management.

The SAC is accelerating the tree plantation activities with the goal of greening the arid central Myanmar, alleviating climate change, reducing temperatures and providing basic needs including fuel wood and poles for the rural. It is of vital importance for the thriving of every planted tree.

Studying the areas which were flooded this year, it was found that towns which faced floods sometimes suffered floodings almost every year. It is humans who make nature better or worsen it. As men play an important role, if systematic management of natural forests, establishing forest plantations in deforested areas, planting trees in watershed areas, conservation of environment are disaster preparedness systematically carried out, extreme weather conditions and natural disasters can be effectively reduced.



Daw Dwe Bu waters a sapling.

If forests are protected and nurtured by all in accordance with the motto



U Yan Kyaw waters a sapling.



Dr Hmu Htan waters a sapling.

planting forests and building green and lush forest landscape for the greening of wards and villages and rural areas in the entire country and make concerted efforts to conserve forests and forest ecosystem, which are important for sustainable development of the country, security of food, reduction of climate change and natural disasters as a national duty by considering from multiple perspectives.



U Shwe Kyein waters a sapling.

"Forests are legacy of the past, benefits of the present and development of the future", will we be able to hand down a favourable green environment full of natural resources for future generations.

Everyone is urged to give priority to sonsistently

Then, the Senior General planted a gangaw tree at the designated place.

Afterwards, the Vice-Senior General, the secretary and the joint secretary and members of the SAC, union level officials and union ministers, dignataries and staff of ministries, officials, teachers and students from basic education schools and universities and colleges in Nay Pyi Taw Council Area planted seedlings simultaneously.

Then, the Senior General inspected the activities of happily planting trees of participants in the third tree planting ceremony in 2024.

At today's tree planting ceremony, a total of 3,000 trees from 15 plant species. During the assumption of the SAC from 2021, 10 national level tree planting ceremonies have been held by planting 17,677 trees and 1,584 tree planting. The government has been encouraging tree planting annually and 22.856 millions were planted including trees planted this year. **100**

More than 6,000 acres of cropland placed under vegetable plantations in Kalay Township

KALAY September 7

A total of 6,955 acres of vegetables have been planted in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department. Local farmers have grown 6,955 acres of vegetables against the target of 8,040 acres in the township this monsoon.

U Naing Tun Win, Head of Kalay Township Agriculture Department said: "We earmarked cultivation of more than 8,000 acres of vegetables but local farmers planted over 6,000 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urged local farmers to use GAP system for all crops and educated them to produce healthy crops with free from chemical residue."

This year, agricultural staff educated local farmers to use agricultural techniques and expand sown acreage of vegetables. **SK**

►► From Page - 21

Next, the Senior General and party visited Musaleinda Lake and Nagayon Pagoda, the Isipatana Migadawon Forest, where the Buddha delivered his first sermon, and the Ingyin Forest, where the Buddha attained Nirvana. They observed the conditions at the monastery buildings and the Dhammayon, inspected the conditions, and instructed responsible persons to ensure that the grounds remain clean and beautiful, the pagoda and other structures are properly maintained for long-term preservation, and the cleanliness of the monasteries is maintained. The Senior General also provided guidance on repairing the damaged ceilings and floors in the Dhammayon and other necessary instructions.

Afterwards, the Senior General and party visited Waziyananda Thubawdayon Monastery and Waziya Dhamma Jotika Temple. At the temple, they offered flowers, water, and oil lamps to the sacred Buddha image. They paid homage to Sayadaw Vinayadara Ubatawvibinga Kawvida Sasanadhaja Siripavara Dhammacariya Bhaddanta Zawtivara, and inquired about the conditions of the student monks and the needs of the monastery. Then, the Senior General offered alms and made a cash donation.

100



Senior General Min Aung Hlaing pays homage to the Buddha image.





Senior General Min Aung Hlaing inspects construction tasks at Naypyitaw State Polytechnic University.

More than 2,000 acres of monsoon green gram planted in Myinmu Township

MYINMU September 7

The statistics of Sagaing District Agriculture Department indicated Myinmu Township Agriculture Department has planted 2,398 acres of monsoon green gram.

In 2024-2025 monsoon season, the township earmarked 829 acres of pre-monsoon green gram and 16,609 acres of monsoon green gram but local farmers cultivated 819 acres of pre-monsoon green gram and 1,579 acres of monsoon green gram, totalling 2,398 acres.

"This year, Myinmu Township earmarked 17,438 acres of pre-monsoon and monsoon green gram. So far, local farmers have planted 2,398 acres. They are striving for meeting the target cultivation. Our department helps local farmers expand sown acreage and use high yield strains of crops," said Daw Thida Lwin, Head of Sagaing District Agriculture Department.

This year, agricultural staff raised farmer awareness of using quality strains of crops, agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, the department provided necessary quality strains of green gram, inputs and post-harvest technology

SMK

Farmers in YeU Township finish cultivation of sunflower

YEU September 7

Statistics of YeU District Agriculture Department stated that a total of 4,995 acres of croplands have been placed under sunflower plants in YeU District of Sagaing Region this monsoon.

In the district, local authorities earmarked 5,230 acres of sunflower for cultivation in 2024-2025 monsoon. Local farmers have planted 67 acres of sunflower in Taze Township and 4,928 acres in Dabayin Township, totalling 4,996 acres.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "More than 4,000 acres of sunflower out of over 5,000 acres have been planted in YeU District this monsoon. Farmers continue cultivation of sunflower on the rest acres of croplands. Sown acreage of sunflower is expanded in order to reduce import volume of palm oil abroad. Oil product of sunflower based on a per-acre yield is larger than milling groundnut and sesame. Local farmers prefer to grow sunflower in cold season rather than monsoon."

In 2024-2025 monsoon season, Taze Township planned to grow 67 acres of sunflower and Dabayin Township 5,163 acres, totalling 5,230 acres.

Relevant township agriculture departments conduct training courses for enhancement of capacity farmers and agricultural staff in YeU District.

This year, relevant agricultural departments and local authorities in YeU District plan to distribute quality strains of crops and urea fertilizer at fair prices to local farmers through exchange of quality strains of sunflower

SK

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Naypyitaw State Academy and Naypyitaw State Polytechnic University



Senior General Min Aung Hlaing pays homage to the Buddha image.

NAY PYI TAW September 7

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, along with Joint Secretary of the Council General Ye Win Oo, Council members, Union Ministers, and officials, visited Naypyitaw State Academy and Naypyitaw State Polytechnic University in Nay Pyi Taw, Union Territory, this morning to inspect the facilities.

First, the Senior General and his entourage arrived at Naypyitaw State Academy. They inspected the trees planted during the 2024 first rainy season planting ceremony, checked the progress of the construction of the graduation hall and classrooms, and provided instructions on maintaining cleanliness and beauty within the university campus to ensure that students can learn in a peaceful and enjoyable environment.

Following this, the Senior General and party arrived at Naypyitaw State Polytechnic University, where they observed the condition of the trees planted during the 2024 second rainy season planting ceremony, the ongoing construction of buildings, and a football field. The Senior General also listened to the presentations of the responsible personnel and gave necessary instructions.

Subsequently, the Senior General and party visited the Nay Pyi Taw Buddha Gaya Thatta Thattaha Maha Bawdi Pagoda, where they paid homage to the sacred Buddha image, offered flowers and water, and donated funds for the all-round renovation of the pagoda. An official from the pagoda board of trustees accepted the donations. They then visited the photo gallery documenting the middle path of the Buddha's journey and observed the surroundings. The Senior General then went round the pagoda in a clockwise direction and struck the peace bell.

See Page - 20►►



Senior General Min Aung Hlaing goes round within the campus of Naypyitaw State Academy.



Senior General Min Aung Hlaing pays homage to the Buddha image.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

တနင်္ဂနွေအထူးဆောင်းပါး

အစ္စရေးပြည်သူများ၏မျှော်လင့်ချက်ကိုကင်းမဲ့စေသော နေတန်ယာဟု၏ငြင်းဆိုမှု



ဇန်တန်ယာဟုတစ်ယောက်ကတော့ ပြည်တွင်းမှာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါပြီ။ အဓိကအကြောင်းရင်းက ဟားမက်တွေဖမ်းထားတဲ့ အစ္စရေးဓားစာခံတွေပြန်လွတ်လာအောင် အစ္စရေးအစိုးရက စွမ်းဆောင်နိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အစ္စရေးနိုင်ငံလမ်းမများထက်မှာ ဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့သည်။ တချို့ဆန္ဒပြသူများက ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟု၏ နေအိမ်ရှေ့သို့လည်းကောင်း၊ တချို့က အမေရိကန်သံရုံးရှေ့သို့လည်းကောင်း သွားရောက်၍ပင်ဆန္ဒပြမှုများလုပ်ကြသည်။ ဒီလိုမျိုးဆန္ဒပြမှုက ဟားမက်တို့အနေဖြင့် အစ္စရေးကို ဝင်ရောက်တိုက်ခိုက်ပြီးနောက် နိုင်ငံတစ်ဝန်း၌ဖြစ်ပွားသည့် ဆန္ဒပြမှုပင်ဖြစ်သည်။

အခုလိုဆန္ဒပြပွဲတွေဖြစ်ပေါ်လာရသည့်အကြောင်းရင်းက သတ်ဖြတ်ခံထားရသည့် ဓားစာခံခြောက်ဦး၏ ရုပ်အလောင်းများကို အစ္စရေးစစ်သည်များရှာဖွေတွေ့ရှိလိုက်ခြင်းကြောင့်ဖြစ်သည်။ ဒီနောက်မှာဝန်ကြီးချုပ်နေတန်ယာဟုက ရှားရှားပါးပါးဆိုသလို လူထုကို တောင်းပန်သည့်စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်မှာ အစ္စရေးအစိုးရနှင့်အစ္စရေးပြည်သူများကြားက ဆက်ဆံရေးက အောက်ဆုံးအဆင့်ထိပင် ကျဆင်းသွားရပြီဖြစ်သည်။ ဒီလိုအခြေအနေကို နေတန်ယာဟုတစ်ယောက် ဘယ်လိုမျိုးတုံ့ပြန်ဖြေရှင်းမလဲဆိုသည်က စိတ်ဝင်စားဖို့ကောင်းလှသည်။

ဒီလိုမျိုး ဆန္ဒပြပွဲတွေဖြစ်ပေါ်လာခြင်းက လက်ယာစွန်းရောက်အစိုးရအဖွဲ့ပေါ်ပေါက်လာသည့် ယမန်နှစ် ဇန်နဝါရီလနောက်ပိုင်း အစ္စရေးနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ကာလရှည်ကြာမကျေနပ်မှုအခြေအနေကို ထင်ဟပ်လာစေခြင်းလည်းဖြစ်သည်။ ပြီးခဲ့သည့် တစ်နှစ်လုံးအတွင်း အစိုးရ၏တရားရေးစနစ်ပြုပြင်ပြောင်းလဲပေးဖို့အတွက် ဆန္ဒပြသူများကတောင်းဆိုမှုများရှိသည်။ သူတို့တောင်းဆိုတာက တရားရုံးချုပ်၏အာဏာကို ကန့်သတ်ထိန်းချုပ်ပေးစေရေးအတွက်ဖြစ်သည်။

အောက်တိုဘာလ ၇ ရက်မှာ အစ္စရေးတောင်ပိုင်းကို ဟားမက်အဖွဲ့က လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ပြီးနောက် အစိုးရအနေဖြင့်ကယ်ဆယ်ရေးလုပ်ငန်းများကို တတ်နိုင်သမျှအကောင်းဆုံးလုပ်ဆောင်ပေးဖို့ ဓားစာခံများ၏မိသားစုဝင်များက မကြာခဏဆိုသလို ဆန္ဒပြတောင်းဆိုမှုများလုပ်ဆောင်ကြသည်။ ဒီလိုတောင်းဆိုမှုများထဲတွင် ဟားမက်အဖွဲ့ကတောင်းဆိုသော ခါးသီးလှသည့်သဘောတူညီချက်တချို့ကို လိုက်လျောပေးရန်လည်းပါဝင်သည်။ ဒါမှသာ ဓားစာခံများအား လုံး ဘေးကင်းစွာပြန်လွတ်လာစေမည်ဖြစ်သည်။

ဟားမက်အဖွဲ့က ဓားစာခံအဖြစ်ဖမ်းသွားသည်မှာ အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ် စုစုပေါင်း ၂၅၀ ဝန်းကျင်ရှိသည်။ ၁၀၀ ကျော်က နိုဝင်ဘာလတွင်လုပ်ဆောင်သော ဓားစာခံ-အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ ပြန်လွတ်လာသည်။ ဟားမက်တို့လက်ထဲတွင် အဖမ်းခံထားရဆဲအယောက် ၁၀၀ လောက်ရှိဦးမည်ဟု ခန့်မှန်းရသည်။ ထိုထဲမှာမှ ၃၅ ယောက်ခန့်သေဆုံးသွားပြီဟုလည်း ယူဆရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမှုကတော့ အောက်တိုဘာလမှစ၍ အကြိမ်ပေါင်းများစွာလုပ်ဆောင်ထားပြီးဖြစ်သည်။ ဒီဆွေးနွေးပွဲများကို အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့က ကမကထပြုကြားဝင်စေ့စပ်ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း ရလဒ်အနည်းငယ်မျှသာ ထွက်ပေါ်လာသည်။

ဒီအခြေအနေမှာ အမေရိကန်အစိုးရက "ယူရင်ယူ မယူရင်ထားခဲ့" လို့ဆိုနိုင်သည့် သဘောတူညီချက်တစ်ရပ်ကို မကြာမီသီတင်းပတ်များအတွင်း နှစ်ဖက်စလုံးသို့ပေးပို့သွားရန်စီစဉ်နေသည်ဟုလည်း သတင်းတွေကြားနေရသည်။ လက်ရှိအချိန်မှာ အစ္စရေးစစ်သည်တွေအနေနဲ့ ဂါဇာဒေသတစ်ခုလုံးကနေ ထွက်ခွာသွားဖို့ ဟားမက်ကတောင်းဆိုနေပေမယ့် အစ္စရေးဘက်ကကျတော့ သူတို့ရရှိထားတဲ့ဒေသနှစ်ခုစလုံးကနေ ထွက်ခွာပေးဖို့ကိုငြင်းဆိုထားနေဆဲဖြစ်သည်။

ကြားဝင်စေ့စပ်ပေးသူများက သူတို့နှစ်ဖွဲ့ကြားမှာ အလျှော့အတင်းအပေးအယူလုပ်ပြီး သဘောတူညီချက်တစ်ခုရရှိစေမည်ဟုယုံကြည်ထားသော်လည်း နေတန်ယာဟုကတော့ သူ့ဘက်ကလုံးဝအလျှော့မပေးသည်။ ထိုဝန်ကြီးများဆိုသည်မှာလည်း ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးနိုင်ငံသားများအခြေချနေထိုင်မှုကို ကြီးကြီးမားမားထောက်ခံအားပေးထားသူများဖြစ်သည်။

တစ်ချိန်တည်းမှာပင် နေတန်ယာဟုအတွက်စိုးရိမ်ရသောပြိုင်ဘက်ဖြစ်သည့် ကာကွယ်ရေးဝန်ကြီး ယိုအက်ဂါးလတ်က ဝန်ကြီးချုပ်အနေဖြင့် သူ၏နိုင်ငံရေးအရ ရှင်သန်မှုကို အာမခံချက်ပေးနိုင်သည့် ဓားစာခံများလွတ်မြောက်ရေးသဘောတူညီချက်ရရှိနိုင်သောအခွင့်အရေးကိုဖျက်ဆီးပစ်နေသည်ဟု အပြစ်တင်ဝေဖန်ထားသည်။ ဂါဇာတို့နှင့်အပစ်အခတ်ရပ်စဲရေးကသာ ဓားစာခံများပြန်လည်လွတ်မြောက်လာစေမည့် တစ်ခုတည်းသောနည်းလမ်းတစ်ခုဖြစ်ကာ ဂါဇာစစ်ပွဲရပ်တန့်သွားမှသာလျှင် နိုင်ငံမြောက်ပိုင်းရှိများအတွက် တာဝန်ရှိသည်" ဟူသည့် စကားက ဒီနေရာမှာ အသုံးမဝင်တော့သလိုခံစားလာရသည်။

ဒီအတွက်ကြောင့်လည်း အလုပ်သမားသမဂ္ဂက နိုင်ငံတစ်ဝန်းဆန္ဒပြမှုများကိုလုပ်ဆောင်လာရခြင်းဖြစ်သည်။ သူတို့၏ဆန္ဒပြရည်ရွယ်ချက်က "လှုပ်ဖို့လိုအပ်နေသူတွေကို လှုပ်ပေးခြင်း" ဟုဆိုသည်။ အစိုးရအနေဖြင့် ဆန္ဒပြမှုများရပ်တန့်သွားအောင် အမိန့်ထုတ်ပြန်ခြင်းဖြင့်ဖြေရှင်းလိုက်သော်လည်း အချိန်နှောင်းသွားသည့်အတွက် လေဆိပ်များ၊ ကျောင်းများ၊ ဘဏ်များပိတ်လိုက်ရသောကြောင့် နိုင်ငံ၏စီးပွားရေးကိုထိခိုက်စေခဲ့သည်။

ပြည်သူများအနေဖြင့် မည်သို့ပင်ဆန္ဒပြမှုများလုပ်နေပါစေ။ နေတန်ယာဟုကတော့ သူ့ရဲ့လမ်းကြောင်းကိုပြင်မည့်အနေအထားမရှိသည်ကိုတွေ့ရသည်။

သည့် ဆန္ဒပြမှုပင်ဖြစ်သည်။

အခုလိုဆန္ဒပြပွဲတွေဖြစ်ပေါ်လာရသည့်အကြောင်းရင်းက သတ်ဖြတ်ခံထားရသည့် ဓားစာခံခြောက်ဦး၏ ရုပ်အလောင်းများကို အစ္စရေးစစ်သည်များရှာဖွေတွေ့ရှိလိုက်ခြင်းကြောင့်ဖြစ်သည်။ ဒီနောက်မှာဝန်ကြီးချုပ်နေတန်ယာဟုက ရှားရှားပါးပါးဆိုသလို လူထုကို တောင်းပန်သည့်စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ လက်ရှိအချိန်မှာ အစ္စရေးအစိုးရနှင့်အစ္စရေးပြည်သူများကြားက ဆက်ဆံရေးက အောက်ဆုံးအဆင့်ထိပင် ကျဆင်းသွားရပြီဖြစ်သည်။ ဒီလိုအခြေအနေကို နေတန်ယာဟုတစ်ယောက် ဘယ်လိုမျိုးတုံ့ပြန်ဖြေရှင်းမလဲဆိုသည်က စိတ်ဝင်စားဖို့ကောင်းလှသည်။

ဒီလိုမျိုး ဆန္ဒပြပွဲတွေဖြစ်ပေါ်လာခြင်းက လက်ယာစွန်းရောက်အစိုးရအဖွဲ့ပေါ်ပေါက်လာသည့် ယမန်နှစ် ဇန်နဝါရီလနောက်ပိုင်း အစ္စရေးနိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ကာလရှည်ကြာမကျေနပ်မှုအခြေအနေကို ထင်ဟပ်လာစေခြင်းလည်းဖြစ်သည်။ ပြီးခဲ့သည့် တစ်နှစ်လုံးအတွင်း အစိုးရ၏တရားရေးစနစ်ပြုပြင်ပြောင်းလဲပေးဖို့အတွက် ဆန္ဒပြသူများကတောင်းဆိုမှုများရှိသည်။ သူတို့တောင်းဆိုတာက တရားရုံးချုပ်၏အာဏာကို ကန့်သတ်ထိန်းချုပ်ပေးစေရေးအတွက်ဖြစ်သည်။

အောက်တိုဘာလ ၇ ရက်မှာ အစ္စရေးတောင်ပိုင်းကို ဟားမက်အဖွဲ့က လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ပြီးနောက် အစိုးရအနေဖြင့်ကယ်ဆယ်ရေးလုပ်ငန်းများကို တတ်နိုင်သမျှအကောင်းဆုံးလုပ်ဆောင်ပေးဖို့ ဓားစာခံများ၏မိသားစုဝင်များက မကြာခဏဆိုသလို ဆန္ဒပြတောင်းဆိုမှုများလုပ်ဆောင်ကြသည်။ ဒီလိုတောင်းဆိုမှုများထဲတွင် ဟားမက်အဖွဲ့ကတောင်းဆိုသော ခါးသီးလှသည့်သဘောတူညီချက်တချို့ကို လိုက်လျောပေးရန်လည်းပါဝင်သည်။ ဒါမှသာ ဓားစာခံများအား လုံး ဘေးကင်းစွာပြန်လွတ်လာစေမည်ဖြစ်သည်။

ဟားမက်အဖွဲ့က ဓားစာခံအဖြစ်ဖမ်းသွားသည်မှာ အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ် စုစုပေါင်း ၂၅၀ ဝန်းကျင်ရှိသည်။ ၁၀၀ ကျော်က နိုဝင်ဘာလတွင်လုပ်ဆောင်သော ဓားစာခံ-အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ ပြန်လွတ်လာသည်။ ဟားမက်တို့လက်ထဲတွင် အဖမ်းခံထားရဆဲအယောက် ၁၀၀ လောက်ရှိဦးမည်ဟု ခန့်မှန်းရသည်။ ထိုထဲမှာမှ ၃၅ ယောက်ခန့်သေဆုံးသွားပြီဟုလည်း ယူဆရသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမှုကတော့ အောက်တိုဘာလမှစ၍ အကြိမ်ပေါင်းများစွာလုပ်ဆောင်ထားပြီးဖြစ်သည်။ ဒီဆွေးနွေးပွဲများကို အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့က ကမကထပြုကြားဝင်စေ့စပ်ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း ရလဒ်အနည်းငယ်မျှသာ ထွက်ပေါ်လာသည်။

နိုင်သည့် တင်းမာသောသဘောထားကို ထုတ်ဖော်ပြသလာသည်။ ပြီးခဲ့သည့်သီတင်းပတ်တွင် အစ္စရေးနိုင်ငံတော်လုံခြုံရေးကော်မတီက နေတန်ယာဟု၏ရုပ်တည်ချက်ကိုထောက်ခံထားသည်။ ထိုရုပ်တည်ချက်မှာ မည်သည့်သဘောတူညီချက်များတွင်မဆို အစ္စရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗီလာဒဲဖီးဒေသတွင် ဆက်လက်တပ်စွဲထားရမည်ဟူသော အချက်ပါဝင်ရမည်ဆိုသည့်အချက်ပင်ဖြစ်သည်။

ဖီလာဒဲဖီးဒေသဆိုသည်မှာ အီဂျစ်နှင့်ဂါဇာကြားရှိကြားခံနယ်မြေတစ်ခုဖြစ်သည်။ တစ်နည်းဆိုရလျှင် မည်သူမျှပိုင်ဆိုင်ခွင့်မရှိသောဒေသဖြစ်သည်။ နိုင်ငံတော်လုံခြုံရေးကော်မတီ၏ဆုံးဖြတ်ချက်က နိုင်ငံ၏ထိပ်တန်းလုံခြုံရေးခေါင်းဆောင်များနှင့် နေတန်ယာဟုတို့ကြား အချေအတင်ဖြစ်ပွားပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဒီနေရာမှာ သဘောတူညီချက်ကိုလက်ခံလိုက်စေချင်သည့် လုံခြုံရေးခေါင်းဆောင်များကတစ်ဖက်၊ ဆက်လက်တပ်စွဲထားမည်ဆိုသည့် နေတန်ယာဟု၏အဖွဲ့ကတစ်ဖက်ဖြင့် နှစ်ဖွဲ့ကွဲနေသည့်အနေအထားကိုဖြစ်ပေါ်လာစေသည်။

နိုင်ငံရေးအရကြည့်မည်ဆိုလျှင် နေတန်ယာဟုတစ်ယောက် ကြားညပ်နေသည့်အနေအထားမျိုးရှိနေသည်။ အကြောင်းရင်းမှာ သူ၏ညွှန့်ပေါင်းအစိုးရအဖွဲ့အတွင်းရှိ လက်ယာစွန်းရောက်ဝန်ကြီးများကတကယ်လို့သာ ဝန်ကြီးချုပ်အနေဖြင့် ယခုဖြစ်ပွားနေသောစစ်ပွဲမှာ အပြည့်အဝအောင်မြင်မှုကိုအာမခံနိုင်ခြင်းမရှိသည့် ဟားမက်အဖွဲ့နှင့်ငြိမ်းချမ်းရေးကိုသဘောတူလက်ခံလိုက်ပါက ဝန်ကြီးချုပ်ကိုရာထူးမှဖြုတ်ချမည်ဟု ခြိမ်းခြောက်ထားခြင်းကြောင့်ဖြစ်ခြိမ်းခြောက်မှုများကိုရင်ဆိုင်နိုင်ရေးအတွက် စစ်သည်များကိုအသုံးပြုနိုင်မည်ဟု ဂါးလတ်ကပြောထားသည်။ အစ္စရေးနိုင်ငံသည်မြောက်ပိုင်းတွင်လည်းအီရန်အစိုးရကပံ့ပိုးပေးထားသည့် လက်ဘနွန်နိုင်ငံမှ ဟစ်ဇဘိုလာအဖွဲ့၏ အဆက်မပြတ်ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်နေရဆဲဖြစ်သည်။

အောက်တိုဘာလ ၇ ရက်နောက်ပိုင်းကတည်းက ဟစ်ဇဘိုလာတို့၏တိုက်ခိုက်မှုများကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်းနယ်စပ်ရှိဒေသခံပြည်သူ ၆၀၀၀၀ ခန့်မှာ စစ်ဘေးဒုက္ခသည်များအဖြစ် နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်ရပြီး တစ်သိန်းဝန်းကျင်မှာ လက်ဘနွန်နိုင်ငံအတွင်း ရွှေ့ပြောင်းခိုလှုံနေရသည်။ အစ္စရေး အစိုးရအနေဖြင့် ဓားစာခံများ၏အသက်ဘေးငဲ့ကွက်မှုကိုဦးစားမပေးဘဲ ထင်ရာမြင်ရာပြောဆိုခဲ့ခြင်းကလည်း သူ့အပေါ်ပြည်သူများ၏ဒေါသများပုံကျလာစေခြင်းဖြစ်သည်။ သူက ဓားစာခံများအနေဖြင့် ဆင်းရဲဒုက္ခခံစားရမှုများရှိသော်လည်း သေဆုံးခြင်းမရှိဟု ဇူလိုင်လတွင်ပြောသည်။

သို့သော် မကြာသေးခင်က ဓားစာခံခြောက်ဦး၏ ရုပ်အလောင်းများကိုတွေ့လိုက်ရခြင်းသည် နေတန်ယာဟု၏ပြောဆိုမှုမှားယွင်းသွားပြီဟု သက်သေခံနေခြင်းဖြစ်သည်။ ဒီအချိန်မှာ နိုင်ငံတစ်ဝန်းဆန္ဒပြမှုတွေဖြစ်ပွားခြင်းက အစ္စရေးနိုင်ငံသားအများစုအနေဖြင့် သူတို့သည် အစိုးရ၏မျက်နှာသွဲခဲပစ်ခံထားရသည့် ခံစားချက်မျိုးထွက်ပေါ်လာခြင်းကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ ဒါ့အပြင် သူတို့ယုံကြည်လက်ခံထားသည့် စိတ်ခွန်အားပေးမှုတစ်ခုဖြစ်သော "အစ္စရေးနိုင်ငံသားအားလုံးက အခြားသောအစ္စရေးနိုင်ငံသားသူ့ကိုထောက်ခံသူများရှိနေဆဲဖြစ်သည်ဟု သူကယူဆထားပုံရသည်။ လက်တွေ့တွင်မူ သူ့ကိုထောက်ခံသူများက သူ၏အမာခံများသာကျန်တော့သည်။ ရွေးကောက်ပွဲလုပ်ဖို့ကလည်း နှစ်နှစ်လောက်အနည်းဆုံးကျန်သေးသည်။ ဒီကြားထဲမှာ သူ့ကိုဖြုတ်ချဖို့ဆိုတာကလည်း မဖြစ်နိုင်သေးသည့်အလားအလာရှိသည်။ ဒီတော့ နေတန်ယာဟုတစ်ယောက် ဒီလမ်းကြောင်းအတိုင်းသာ ဆက်လျှောက်နေမည်ဖြစ်သည်။ ဒီလိုလျှောက်လှမ်းနေခြင်းကပင် ဟားမက်တို့အနေဖြင့် နောက်တစ်ကြိမ် အောက်တိုဘာလ ၇ ရက်တိုက်ခိုက်မှုမျိုးကို ထပ်မလုပ်ရဲတော့ဟု သူကယုံကြည်ထားသည်။

ဒါပေမဲ့ အစ္စရေးပြည်သူများ အထူးသဖြင့် ဓားစာခံများ၏မိသားစုဝင်များအတွက် မျှော်လင့်ချက်များမှာ လျင်မြန်စွာပင်မှေးမှိန်လာနေရသည်။ အောက်တိုဘာလ ၇ ရက်ဖြစ်စဉ်ပြီးနောက် အစ္စရေးပြည်သူများကြားဖြစ်ပေါ်နေသည့် ကျက်ရန်ခဲယဉ်းလှသောအနာကြီးနှင့် တစ်မျိုးသားလုံး၏စိတ်ဓာတ်ကို ပြန်လည်ကုစားဖို့ဆိုသည်မှာလည်း ဒီကိစ္စကြီးမပြီးမချင်းဖြစ်နိုင်ဦးမည်မဟုတ်ပေ။ ဒီကိစ္စကြီးအဆုံးသတ်ဖို့ဆိုသည်မှာလည်း ဂျူးများနှင့်ပါလက်စတိုင်းတို့ကြား ငြိမ်းချမ်းရေးကိုဦးတည်သည့် ဘယ်လိုတိုးတက်မှုမဆိုအတွက် အရေးကြီးသော ကြိုတင်သတ်မှတ်ချက်ပင်ဖြစ်နေပါတော့သည်။

Ref: SCMP

ထက်မြတ်

ဗီယက်နမ်မြောက်ပိုင်းသို့ ယာဂီမုန်တိုင်းဝင်ရောက်မှုကြောင့် လူလေးဦးသေဆုံးပြီး ၇၈ ဦးဒဏ်ရာရရှိထား

ဟန္နိုင်း၊ ရာသီဥတု

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းသို့ စက်တင်ဘာလ ၇ ရက်တွင် အလွန်အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းယာဂီ ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံးလူလေးဦးသေဆုံးပြီး ၇၈ ဦးဒဏ်ရာရရှိထားကြောင်း သိရသည်။

စက်တင်ဘာလ ၇ ရက်ညနေပိုင်းအထိ လူခြောက်ဦးနှင့်သဘော်ဘတစ်စင်းပျောက်ဆုံးနေကာ အခြားသဘော်ဘ ၁၄ စင်းမှာ လှိုင်းကြီးလေထန်မှုကြောင့် နစ်မြုပ်သွားသည်။

အဆိုပါမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းသို့ နှစ်ပေါင်း ၃၀ အတွင်း၀င်ရောက်တိုက်ခတ်သည့် မုန်တိုင်းများအနက် အားအပြင်းဆုံး မုန်တိုင်းဖြစ်သည်ဟု စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၀န်ကြီးဌာနမှ သဘာ၀ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှူးကပြောသည်။

အလားတူ မုန်တိုင်းမ၀င်ရောက်မီကတည်းကပင် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူ ၅၃၀၀၀ နီးပါးကို ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းနေရာချထားပေးကြောင်း ၎င်းကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံမြောက်ပိုင်းဒေသများ၌ ရေကြီးမှုများနှင့် မြေပြိုမှုများသည် ဖြစ်နိုင်ခြေရှိသည့်သဘာ၀ဘေးများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်ဟု တာ၀န်ရှိသူများကပြောသည်။

အဆိုပါမုန်တိုင်းသည် စက်တင်ဘာလ ၆ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့၀င်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၂၄ ဦးသေဆုံးထားသည်။ လက်ရှိအချိန်တွင်ဖြစ်ပေါ်နေသောမုန်တိုင်းများသည် ကမ်းရိုးတန်းအနီးဖြစ်ပေါ်ကာ အင်အားပြင်းထန်ခြင်းသည် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်ဟုသိရသည်။ **Ref: Xinhua**



ပြင်သစ်၌ ဝန်ကြီးချုပ်အသစ်ကို ပြည်သူထောင်ပေါင်းများစွာဆန္ဒပြ

ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံ၌ သမ္မတအမ်မန်နျူယယ်မက်ခရွန်က ရွေးချယ်လိုက်သည့် ဝန်ကြီးချုပ်အသစ်ကို ပြည်သူထောင်ပေါင်းများစွာက စက်တင်ဘာလ ၇ ရက်တွင် ကန့်ကွက်ဆန္ဒပြမှုများ လုပ်ဆောင်ကြောင်း သိရသည်။

မက်ခရွန်သည် ဗဟိုလက်ယာယိမ်းမီရဲဘားနီကို ဝန်ကြီးချုပ်အဖြစ် စက်တင်ဘာလ ၅ ရက်တွင်ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ထိုသို့ရွေးချယ်မှုကို လက်ဝဲစွန်းရောက်ပါတီများက ဥပဒေပြုရွေးကောက်ပွဲကို ခိုးယူခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။

ဈေးပိုင်လရွေးကောက်ပွဲတွင် ပထမနေရာရရှိခဲ့သည့် NFP မဟာမိတ်အဖွဲ့မှရွေးပေးသောသူကို မက်ခရွန်ကဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခြင်းမပြုသည့်အတွက် ယခုလုပ်ရပ်သည် ရွေးကောက်ပွဲကိုခိုးယူခြင်းဖြစ်သည်ဟု လက်ဝဲစွန်းရောက်အဖွဲ့များကစွပ်စွဲထားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မီရဲဘားနီ၏အစိုးရအဖွဲ့သည် ရွေးကောက်ပွဲတွင်ရှင်းရှင်းလင်းလင်းအနိုင်ရရှိခြင်းမရှိဘဲ ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်လာကာ ကွန်ဆာဗေးတစ်များ၊ မက်ခရွန်ဘက်မှလူများနှင့် လက်ဝဲစွန်းရောက်လူအချို့ပါဝင်မည်ဟုဥငံးကပြောသည်။ **Ref: BP**



အရှေ့ဖျားစီးပွားရေးဖိုရမ် သဘောတူညီချက် ၃၀၀ ကျော်ဖြင့်ပြီးဆုံး

ဗလာဒီဗော့စတော့၊ စီးပွားရေး

ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ လေးရက်ကြာကျင်းပသောကိုးကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၇ ဘီလီယံရှိ သဘောတူညီချက်ပေါင်း ၃၀၀ ကျော်ဖြင့် စက်တင်ဘာလ ၆ ရက်တွင် ပြီးဆုံးသွားပြီဖြစ်သည်။

ထိုသဘောတူညီချက်များတွင် ရုရှားနိုင်ငံ၏ဒေသများတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့်ဆောက်လုပ်ရေးလုပ်ငန်း၊ ပညာရေးနှင့်သိပ္ပံကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အဆင့်မြင့်နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍတို့ပါဝင်သည်။

အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ လူပေါင်း ၇၁၀၀ ကျော်တက်ရောက်ပြီး ၎င်းတို့အထဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီ ၁၁၀၀ ကျော်မှ ကိုယ်စားလှယ် ၂၅၀၀ ကျော်လည်းပါဝင်ကာ အာတိတ်ဒေသအတွက် အလွန်အရေးပါပြီး အလုပ်အကိုင် နေရာ ၂၀၀၀ ကျော်ကိုဖန်တီးပေးနိုင်မည့် စီမံကိန်းများကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းသိရသည်။ **Ref: Xinhua**

သတင်းတိုကဏ္ဍ

တောင်ကိုရီးယား၌ ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေးအတွက် ပြည်သူ ၃၀၀၀၀ ကျော်ဆန္ဒပြ

တောင်ကိုရီးယားနိုင်ငံ ဆိုးမြို့၌ စက်တင်ဘာလ ၇ ရက်တွင်ပြည်သူ ၃၀၀၀၀ ကျော်က အစိုးရအနေဖြင့် ကမ္ဘာကြီးပူနွေးမှုတိုက်ဖျက်ရေးကို ပိုမိုလုပ်ဆောင်ရန်ဆန္ဒပြတောင်းဆိုကြောင်းသိရသည်။

ထိုဆန္ဒပြမှုသည် ယခုနှစ်အတွင်း လူအင်အားအများဆုံးဖြင့် အကြီးဆုံးသောဆန္ဒပြမှုဖြစ်ပြီး အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်ရှိသော နေရောင်အောက်တွင် လူငယ်များသာမက လူကြီးများကပါ ပါဝင်ဆန္ဒပြခြင်းဖြစ်သည်။

ယခုနွေရာသီတွင် လူများသည်အဲကွန်းမရှိပါက လူကလူလိုမနေရကြောင်း၊ တွေ့ကြုံနေရသောပြဿနာသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ပြဿနာမဟုတ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ရေးအတွက် စနစ်တကျလုပ်ဆောင်မှုမျိုး လိုအပ်နေကြောင်း ဆန္ဒပြသူတစ်ဦးကပြောသည်။

G-20 အဖွဲ့ဝင်နိုင်ငံများတွင် တောင်ကိုရီးယားနိုင်ငံသည် သြစတြေးလျပြီးနောက် ကျောက်မီးသွေးဖြင့်ညစ်ညမ်းမှုအများဆုံးနိုင်ငံဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုနည်းပါးသော်လည်း ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်သောနိုင်ငံအဖြစ်သို့ ရောက်ရှိစေရေးမျှော်မှန်းထားကြောင်းသိရသည်။ **Ref: TST**

ကမ္ဘောဒီးယားနိုင်ငံ၌ ရှစ်လအတွင်းမိုးကြိုးပစ်မှုများကြောင့် လူအယောက် ၅၀ သေဆုံး

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်၏ရှစ်လတာကာလအတွင်း မိုးကြိုးပစ်ခတ်မှုများကြောင့် လူအယောက်၅၀ သေဆုံးကြောင်း တာ၀န်ရှိသူတစ်ဦးက စက်တင်ဘာလ ၇ ရက်တွင်ပြောသည်။

ယခုနှစ်အတွင်းသေဆုံးသူပမာဏသည် ယမန်နှစ်အလားတူကာလထက် ၂၂ ရာခိုင်နှုန်းကျဆင်းခြင်းဖြစ်ကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ထိုကဲ့သို့သောဖြစ်စဉ်များကြောင့် သေဆုံးသူ ၆၄ ဦးရှိကြောင်း သဘာ၀ဘေးအန္တရာယ်ထိန်းချုပ်ရေးဌာနမှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထို့ပြင် မိုးကြိုးပစ်မှုများကြောင့် ဒဏ်ရာရရှိသူအရေအတွက်မှာ ၄၃ ဦးရှိကြောင်း နှင့် မိုးကြိုးပစ်မှုအများဆုံးဒေသမှာ ဆီယမ်ရိဖ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့အတူ ကျေးလက်ဒေသတွင်နေထိုင်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း သို့မဟုတ် မုန်တိုင်းတိုက်ခြင်းကဲ့သို့သောဖြစ်စဉ်များဖြစ်ပွားပါက မိုးကြိုးပစ်ခံရခြင်းမှရှောင်ရှားနိုင်စေရန် အရိပ်အာဝါသထဲတွင်သာ နေသင့်ကြောင်း ၎င်းက အကြံပြုထားသည်။

မိုးကြိုးပစ်မှုကြောင့်အပြင် မုန်တိုင်းများကြောင့် လူလေးဦးသေဆုံးပြီး ၃၂ ဦးဒဏ်ရာရရှိကာ နေအိမ် ၄၈၂ လုံးပျက်စီးထားကြောင်းသိရသည်။ **Ref: TST**

ကုလသမဂ္ဂက ဈေးပိုင်လ ၆ ရက်ကို ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့အဖြစ်သတ်မှတ်

ကုလသမဂ္ဂအထွေထွေညီလာခံသည် ဈေးပိုင်လ ၆ ရက်ကို ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့အဖြစ် စက်တင်ဘာလ ၆ ရက်တွင်သတ်မှတ်လိုက်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကိုရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး၏ အရေးပါမှုကိုအလေးအနက်ပြုရန်ရည်ရွယ်၍ ယခုကဲ့သို့နေ့ကို သတ်မှတ်ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါအထွေထွေညီလာခံသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံး၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများအားလုံး၊ ဒေသတွင်းအဖွဲ့အစည်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သီးခြားပုဂ္ဂိုလ်များကိုလည်း ဖိတ်ခေါ်သည်။

အလားတူ စက်တင်ဘာလ ၆ ရက်မှာပင် ကုလသမဂ္ဂအားကစားပွဲဟုအမည်ပေးထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုလည်းအတည်ပြုသည်။ ထိုဆုံးဖြတ်ချက်အရ ကုလသမဂ္ဂအားကစားပွဲများကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်သည်။ **Ref: Xinhua**

အမေရိကန်၌ တိရစ္ဆာန်နှင့်ထိတွေ့မှုမရှိသည့် ပထမဆုံးကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိ

အမေရိကန်နိုင်ငံ၌ တိရစ္ဆာန်နှင့်ထိတွေ့မှုမရှိသည့် ပထမဆုံးကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကိုတွေ့ရှိကြောင်း တာ၀န်ရှိသူများက စက်တင်ဘာလ ၆ ရက်တွင်ပြောသည်။

ထိုရောဂါကူးစက်ခံရသူသည် မစ်ဆူရီပြည်နယ်မှအမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းအနေဖြင့် ရောဂါပိုးရှိသောတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမရှိသည်ကိုတွေ့ရသည်။

အဆိုပါလူနာကို တုပ်ကွေးရောဂါကုထုံးများဖြင့် ကုသပေးပြီးနောက် ယခုအခါဆေးရုံမှဆင်းသွားပြီဖြစ်သည်ဟု ကျန်းမာရေးတာ၀န်ရှိသူများကပြောသည်။ ထိုလူနာကူးစက်ခံရသော ရောဂါပိုးသည် H5 ရောဂါပိုးဖြစ်ကြောင်းနှင့် ရှားပါးကြောင်းသိရသည်။ **Ref: RTA**

ကန်ကြီးထောင့်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့်လယ်မြေများ ပြန်လည်စိုက်ပျိုးနေမှုအခြေအနေကိုကြည့်ရှုစစ်ဆေး

ကန်ကြီးထောင့် စက်တင်ဘာ ၇

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများ ပြန်လည်စိုက်ပျိုးနေမှုအခြေအနေများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် စက်တင်ဘာလ ၇ ရက်တွင် ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းဦးဆောင်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ တောင်သူဦးချစ်ထွေး၏ ထိခိုက်လယ်ကိုး ဧက အနက်ရှစ်ဧကတွင် ရက် ၉၀ စပါးမျိုးအား မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် ပြန်လည်စိုက်ပျိုးနေမှုအခြေအနေကို ကြည့်ရှုကြပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။

ယင်းသို့ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးသိန်းနိုင်စိုးတို့က လိုက်လံရှင်းလင်းပြသရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး အဆိုပါလယ်ယာမြေများအတွင်း စပါးစိုက်ပျိုးကြသည့် တောင်သူများအား မုန့်နှင့်အချိုရည်များပေးအပ်ကြောင်းသိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

ခေတ်မီမီးငြိမ်းသတ်စနစ်များ လက်တွေ့သင်ကြားပို့ချ

မန္တလေး စက်တင်ဘာ ၇

မန္တလေးတိုင်းဒေသကြီးတွင် တာဝန်ကျသည့် လက်ထောက်မီးသတ်ဦးစီးမှူးများနှင့် မန္တလေးခရိုင်အတွင်းရှိမြို့နယ်များမှ တပ်ဖွဲ့ဝင်များအားစက်တင်ဘာလ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၄၅ လမ်း၊ ၁၁၆ လမ်းနှင့် ၁၁၇ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနစစ်ရေးပြကွင်း၌ တပ်ဆင်ထားသောခေတ်မီမီးငြိမ်းသတ်စနစ်များ Fire Frighting Simulator အား မန္တလေးခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုကလက်တွေ့သင်ကြားပေးလျက်ရှိသည်။



ထိုသို့ခေတ်မီမီးငြိမ်းသတ်စနစ်များလက်တွေ့သင်ကြားပေးနေမှုကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ပွင့်ဖြူမြို့နယ်၌ ငါးသယံဇာတဖူလုံစေရန် မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်



ပွင့်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ ကြွယ်ဝစေရန် ရည်ရွယ်၍ စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ပွင့်ဖြူမြို့ သက်တော်ရှည်ရုပ်ကွက်အနီး မုန်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပွင့်ဖြူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စံပယ်လှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးသားဖောက်စခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ငါးသယံဇာတဖူလုံစေရေးအတွက် မုန်းချောင်းသဘာဝရေပြင်အတွင်း နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်းကောင်ရေ ၂၀၀၀၀၀ အား မျိုးစိုက်ထည့်ပေးကြသည်။

ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဒေသတွင်းရှိပြည်သူများ ငါးစားသုံးမှုဖူလုံစေရန်နှင့် ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် နှစ်စဉ်မြို့နယ်အတွင်းရှိ မြစ်/ချောင်းနှင့် ဆည်တမံများ၊ စပါးစိုက်လယ်မြေများအတွင်း ငါးမျိုးများစိုက်ထည့်ပေးခြင်းလုပ်ငန်းကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့်အပြင် မြို့နယ်ငါးသားဖောက်စခန်းကလည်း ဒေသခံရေလုပ်သားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်နှိုင်တစ်ပိုင်းမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်းစသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ကာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခြင်းနှင့် အခြေခံငါးမွေးမြူရေးဆိုင်ရာသင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်စံပယ်လှိုင်ထံမှ သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

ချစ်ခင်ပန်း

➡ မေတ္တာ ချစ်ပန်း၊ ပွင့်လန်း သန်ရှင်
စာဆို့ရင်ထဲ၊ အမြဲ ထာဝစဉ်
ပန်ဆင် ကြူမွေး၊ ခွင့်ပေးသည်ပင်
မပန်လည်း၊ စိတ်ထဲမငြိုငြင်။

➡ မိုးပေါ်ငွေလ၊ ရွှန်းပသည့်သွင်
ငွေကြယ် စိန်ပျောက်၊ ထွန်းတောက်သည်ပင်
ပိုးစုန်းငယ်လည်း၊ မြိုင်ထဲ ပျော်ရွှင်
အလှများ၊ အင်အားကိုယ်စီပင်။

➡ ပေးယူ တူမျှ၊ ရကြစေချင်
ကိုယ်ပြုသည်က၊ ကိုယ့်ဘဝကံပင်
ဉာဏ်စဉ် နိမ့်မြင့်၊ တွေးချင့် ဆင်ခြင်
ရှေ့ခရီး၊ ဝေးနီးအမှန်မြင်။

➡ လောကတဝှမ်း၊ ငြိမ်းချမ်းစေချင်
ကဗျာ ချိုအေး၊ ဖွဲ့ရေးသီဆင်
လေးပေါ့ တိမ်နက်၊ ချိန်စက်စေချင်
ကဗျာတော၊ သာမောကာရန်ဆင်။

➡ ဘဝခရီး၊ နီးဝေး ဆင်ခြင်
နေဝင် မီးငြိမ်း၊ ပွဲသိမ်းမည်ပင်
မောဟ မှောင်တော၊ နစ်မြောနေလျှင်
နွေအရောက်၊ ကြွေခြောက်ရွက်ဝါသွင်။

➡ ချစ်ခြင်းကိုရှု၊ ကြောင်းပြုမြော်မြင်
ကဗျာတစ်ပုဒ်၊ ရေးထုတ်ဆင်ယင်
မိတ်ဆွေတို့တွက်၊ မပျက်သန့်ရှင်
ချစ်ခင်ပန်း၊ ပွင့်လန်းစာဆို့ရင်။ ။

မြင်းမူမောင်နိုင်မိုး

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၂၄(တနင်္ဂနွေနေ့)

၁။	၆:၀၂	နိုင်ငံတော်သီချင်း
၂။	၇:၁၅	မေတ္တာပို့
၃။	၇:၂၅	ဓမ္မပူဇာတေး
၄။	၇:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၅။	၇:၄၀	မျိုးချစ်တပ်မတော်
၆။	၈:၀၅	မောင်မယ်လေးများသိစေချင်
၇။	၁၁:၂၀	ပြည်သူ့ကြားကပြည်သူ့စကား
၈။	၁၂:၁၀	Weekly National News
၉။	၁၂:၅၀	ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၁၀။	၁၃:၀၀	မြဝတီရုပ်မြင်သံကြားသတင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) သာသနာရေးဆိုင်ရာကိစ္စရပ်များအား ဒုတိယဝန်ကြီး ဦးအေးထွန်း ဆောင်ရွက်

တောင်ကြီး စက်တင်ဘာ ၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် စက်တင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့်ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတို့ကို သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုရ၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အောင်ပန်းမြို့ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက် နာယကဆရာတော် ဘဒ္ဒန္တ ပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်တည်ထားလျက်ရှိသည့် ဥာဏ်တော်(၁၀၈)တောင်ရှိသီရိမင်္ဂလာအောင်ချမ်းသာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နာယကဆရာတော်အား ဖူးမြော်ကြည်ညိုရ၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး လျှဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် အေးသာယာမြို့ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တသူရိယ၏ ဆွေတောင်တန်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းနှင့် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် သို့သွားရောက်ကာ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုရ၍ ဩဝါဒကိုခံယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

စက်တင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အတူ ဟိုပုံးမြို့ရှိ နောင်တောင်းတပ်ဦးဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ သက်မွေးပညာဌာန၌ ကျောင်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှု၊ မုန့်လုပ်ပညာသင်ယူနေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အတန်းစာပေသင်ယူနေမှုများကိုလည်းကောင်း၊ နောင်တောင်းသီလရှင်သင်ပညာရေးမူလတန်းကျောင်း၌ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပြည့်စုံစွာ ရရှိမှုအခြေအနေ၊ ကျောင်းသားဦးရေနှင့် ဆရာဦးရေ အချိုးမျှတစွာ ပညာသင်ကြားပေးနိုင်ရေးတို့ကို ဆွေးနွေးလျှောက်ထားကာ ကျောင်းစာကြည့်တိုက်နှင့် သီလရှင်ဆရာလေးများ၏ အတန်းစာပေသင်ယူနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဟိုပုံးမြို့နယ် သာသနာရေးမှူးရုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တောင်ကြီးမြို့ရှိရှမ်းပြည်နယ် သာသနာရေးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် သိမ်တောင်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇဝန္တ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

စက်တင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့ရှိ ဓမ္မဝိဒူဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဆန္ဒရာဇာဘိဝံသကိုလည်းကောင်း၊ အေးသာယာမြို့ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓနိတနှင့် သင်ကြားစီမံ ဆရာတော်များကိုလည်းကောင်း ဖူးမြော်ကြည်ညိုကာ သင်တန်းသားရရှိမှု အခြေအနေများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးပို့လှူဒါန်းသည့် ထာဝရဆွမ်းပဒေသာပင်နှင့် အာစရိယအလှူတော်ငွေ ရရှိမှုအခြေအနေများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် - မန္တလေး ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် မန္တလေး - မြို့ဟောင်း - ဆည်တော် - ဇီးပင်ကြီး - ပြင်ဦးလွင် ရထားလမ်းပိုင်းအခြေအနေကို ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နေပြည်တော်-သာစည်-သဲတော-မန္တလေး ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ မန္တလေး - မြို့ဟောင်း - ဆည်တော် - ဇီးပင်ကြီး - ပြင်ဦးလွင် ရထားလမ်းပိုင်းရှိ ဘူတာများ၊ ရထားလမ်းတံတားများ၏ အခြေအနေနှင့် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ (ပြင်ဦးလွင်)တို့ကို စစ်ဆေးသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် နေပြည်တော် - သာစည် - သဲတော - မန္တလေးရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုကို RBE ရထားဖြင့် လိုက်ပါစီးနင်းစစ်ဆေးပြီး တံတားအဝင်၊ အထွက် နေရာများတွင် ခုန်ဆောင့်လူးမဖြစ်စေရေး Run Off Frame များ စနစ်တကျတပ်ဆင်သွားရန်နှင့် Alignment တိကျမှန်ကန်စေရေး စနစ်တကျစစ်ဆေးသွားရန်၊ တံတားနေရာများရှိ ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများလဲလှယ်ရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပြုပြင်ဆောင်ရွက်သွားရန်၊ သံလမ်းအဆက်နေရာများတွင် သံလမ်းအဆက်ညှိခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေတိုက်စားခံရသည့် တံတားရေလယ်တိုင်များတွင် ကျောက်ကြီးချရန်နှင့် လိုအပ်သည့် ရေလမ်းကြောင်းရရှိရန်အတွက် ရေကာတန်းများရိုက်ရန်၊ ရေတိုက်စားခံရသည့် တာပေါင်များ သတ်မှတ်အကျယ်ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ ဆောင်ရွက်ရန်နှင့် ရထားလမ်းပိုင်းအတွင်း သတ်မှတ်စံချိန်စံနှုန်းအတိုင်း လမ်းခင်းကျောက်များ



စနစ်တကျဖြည့်သွင်းပြီး Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ဖြင့် ကျောက်ပါကင်ရိုက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး - မြို့ဟောင်း - ဆည်တော် - ဇီးပင်ကြီး - ပြင်ဦးလွင် ရထားလမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရထားလမ်းပိုင်းရှိလွန်းထိုး လမ်းပိုင်းနေရာများကို စနစ်တကျပြုပြင်ထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရထားလမ်းဘေးရှိ ကျူးကျော်များရှင်းလင်းရေး၊ ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသည့် လူစီးရထားများ ဝင်ချိန်၊ ထွက်ချိန် မှန်ကန်စေရေး၊ ရထားများ ခရီးဆုံးဘူတာဆိုက်ရောက်ပြီးသည့်အခါ ရထားတွဲအတွင်း၊ အပြင် သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်စေရေး၊ ရထားစီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ မြန်မာ့မီးရထားဆေးပေးခန်း (ပြင်ဦးလွင်)တွင် ဝန်ထမ်းမိသားစုများ ဆေးကုသမှုပိုမိုခံယူနိုင်ရေး ကျန်းမာရေးဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

စ-၉-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၂၁၅	၃၂၉၅	၃၂၇၀	၃၂၂၀	၃၂၉၅	၃၃၀၅	၃၃၂၀	၃၂၇၅	၃၄၀၀	၃၄၄၀	၃၂၈၅	၃၃၀၀	၃၃၃၀	၃၃၂၀	၃၃၃၀	၃၇၃၅	၅၂၅၀
95 Ron	၃၃၇၅	၃၄၃၅	၃၄၁၀	၃၃၆၅	၃၄၃၅	၃၄၅၀	၃၄၆၀	၃၄၁၀	၃၅၄၀	၃၅၇၀	၃၄၂၅	၃၄၇၀	၃၄၇၀	၃၄၆၀	၃၄၇၅	၃၈၇၅	၅၄၅၀
HSD (500 ppm)	၂၇၁၀	၂၇၉၅	၂၇၇၀	၂၇၂၀	၂၇၉၅	၂၈၀၅	၂၈၂၀	၂၇၇၅	၂၉၀၀	၂၉၃၀	၂၇၈၀	၂၈၀၀	၂၈၃၀	၂၈၂၀	၂၈၃၀	၃၂၃၅	၅၂၅၀
HSD (50 ppm)	၃၃၉၅	၃၄၇၅	၃၄၅၀	၃၄၀၀	၃၄၇၅	၃၄၉၀	၃၅၀၀	၃၄၅၅	၃၅၈၀	၃၆၁၀	၃၄၆၅	၃၄၈၀	၃၅၁၀	၃၅၀၀	၃၅၁၀	၃၉၁၅	၅၂၅၀
HSD (10 ppm)	၃၃၉၅	၃၄၇၅	၃၄၅၀	၃၄၀၀	၃၄၇၅	၃၄၉၀	၃၅၀၀	၃၄၅၅	၃၅၈၀	၃၆၁၀	၃၄၆၅	၃၄၈၀	၃၅၁၀	၃၅၀၀	၃၅၁၀	၃၉၁၅	၅၂၅၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၅၀	၃၀၄၄
95 Ron	၃၁၈၇	၃၂၈၄
HSD (500 ppm)	၂၅၆၄	၂၆၄၅
HSD (50 ppm)	၃၂၂၄	၃၃၁၈
HSD (10 ppm)	၃၂၂၄	၃၃၁၈

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၇၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တူကီယဲဖိုက်တာ အာဒိုဂန်ကို အောင်လအန်ဆန် ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်ရှုံးနိမ့်



ရန်ကုန် စက်တင်ဘာ ၇

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပခဲ့သည့် ONE 168 အမည်ရှိ MMA ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်းပွဲစဉ်အဖြစ် မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန်တို့ ထိုးသတ်ခဲ့ရာ အောင်လအန်ဆန်အနေဖြင့် ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အာဒိုဂန်က အောင်လအန်ဆန်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး အာဒိုဂန်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ONE Championship နှင့် လက်တွဲကာ MMA ပွဲစဉ်များတွင် ထိုးသတ်ခဲ့ပြီး MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံနှင့် MMA ကမ္ဘာ့လိုက်ဖ်ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များရယူနိုင်သည်ထိ အောင်မြင်မှုများရယူနိုင်ခဲ့ကာ ONE Championship တွင် မတူညီသည့် ဝိတ်တန်းနှစ်ခုရရှိသည့် ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

အောင်လအန်ဆန်နှင့်ထိုးသတ်ခဲ့သည့် အာဒိုဂန်သည် MMA ပြိုင်ပွဲများတွင် ရလဒ်ကောင်းများရယူနိုင်ခဲ့ပြီး ရှုံးပွဲတစ်ပွဲမှ မရှိသေးကြောင်းသိရသည်။ **စည်သူအောင်**

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် Winner Soccer အသင်းနှင့် MIU FC အသင်းတို့ ဗိုလ်လုပွဲတက်ရောက်



ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို စက်တင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ကျင်းပခဲ့ရာ MIU FC အသင်းနှင့် Winner Soccer အသင်းတို့ ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁)ကလပ်အသင်းကိုးသင်း၊ လိဂ်(၂)ကလပ်အသင်းကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်းနှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီတွင် Pyae Sone FC အသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ Winner Soccer အသင်းက ၃ ဂိုး ၁ ဂိုး ဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် VUC FC အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ မြန်မာဖူဆယ် ထိပ်တန်းကလပ်အသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံသည်နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ MIU FC အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ MIU FC အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

စည်သူအောင်

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ပဒုမ္မာအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၃၀ မိနစ်တွင် ယွန်းဝတီလှိုင်နှင့် ပွဲချိန် ၅၅ မိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြသပြီး သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ယွန်းဝတီလှိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူညနေ ၃နာရီခွဲတွင်ရန်ကုန်မြို့စလင်းအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့်အကြိတ်အနယ်ရှိခဲ့ပြီး သစ္စာအားမာန်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ သစ္စာအားမာန်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကိုပွဲချိန် ၂၇မိနစ်တွင်ဝင်းဝင်းက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
